

# Hitachi Group ၏ ကျင့်ဝတ်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ် စည်းကမ်းများ

နေ့စဉ်နေ့တိုင်း တာဝန်သိသော
အမူအကျင့်အတွက် လမ်းညွှန်ချက်

2023 ခုနှစ် မတ်လ 1 ရက်
နေ့မှစ၍ အကျုံးဝင်သည်

# ချစ်ခင်လေးစားရပါသော Hitachi Group လုပ်ဖော်ကိုင်ဖက်များ ခင်ဗျား-

Hitachi တွင် ကျွန်ုပ်တို့သည် မတူညီသော နောက်ခံများ၊ အတွေ့အကြုံများ၊ ကိုယ်ပိုင် လက္ခဏာများနှင့် ရှုထောင့်များရှိသည့် မတူကွဲပြားသော အဖွဲ့တစ်ခုဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုနှင့် မြို့ပြလူဦးရေတိုးလာမှုကဲ့သို့သော လူမှုရေးစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ပူးပေါင်းဆောင်ရွက်၍ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့၏ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်းမှုကို အာမခံကာ လူတိုင်းရှင်သန်ရပ်တည်နိုင်သည့် လုပ်ငန်းခွင်တစ်ခု ဖန်တီးပေးပါသည်။ တည်းမှာပင် ကျွန်ုပ်တို့၏ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်းမှုကို အာမခံကာ လူတိုင်းတိုးတက်ကြီးပွားနိုင်သည့် လုပ်ငန်းခွင်တစ်ခု ဖန်တီးပေးပါသည်။

ကမ္ဘာတစ်ဝှမ်းရှိ Hitachi ဝန်ထမ်းများသည် Hitachi ၏ တန်ဖိုးမဖြတ်နိုင်သော ပိုင်ဆိုင်မှုတစ်ခုဖြစ်သည့်- ရိုးသားမှုနှင့် တရားမျှတမှုတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းအတွက် နာမည်ကောင်းတစ်ခု တည်ဆောက်ရန် ကူညီပေးခဲ့သည်။ ကျင့်ဝတ်သိက္ခာရှိရှိ စီးပွားရေးလုပ်ခြင်းအတွက် ကျွန်ုပ်တို့၏ဂုဏ်သတင်းသည် ယှဉ်ပြိုင်နိုင်သော အားသာချက်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ကို ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။

ကျွန်ုပ်တို့၏ စံတန်ဖိုးများ (သဟဇာတဖြစ်မှု၊ ရိုးသားမှုနှင့် ရှေ့ဆောင်စိတ်ဓာတ်) နှင့် Kihon-to-Seido (အခြေခံအချက်များနှင့် ကျင့်ဝတ်များ) ၏ ခံယူချက်များဖြင့် ပံ့ပိုးပေးထားသည့် သာလွန်ကောင်းမွန်သော၊ မူရင်းနည်းပညာနှင့် ထုတ်ကုန်ပစ္စည်းများကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် လူ့အဖွဲ့အစည်းအား ပံ့ပိုးကူညီပေးခြင်း ဟူသည့် ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ ခြေလှမ်းကို ချဲ့ထွင်ပြီး ဒေတာနှင့် နည်းပညာဖြင့် လူတို့၏ဘဝအရည်အသွေးကောင်းမွန်အောင် ကူညီပံ့ပိုးပေးရာတွင် ကျွန်ုပ်တို့ကို ဆက်လက်လမ်းညွှန်ပေးပါမည်။

စိန်ခေါ်မှုရှိသော သို့မဟုတ် ခက်ခဲသော အခြေအနေများနှင့် ရင်ဆိုင်ရသည့်အခါ လမ်းညွှန်မှုအတွက် Hitachi Group ၏ ကျင့်ဝတ်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို ကိုးကားပါ။ ၎င်းသည် သင်ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်ရှိနေသည်ဖြစ်စေ၊ သင့်အား မှန်ကန်သောရွေးချယ်မှုပြုလုပ်ရန်နှင့် မှန်ကန်သောအရာကို လုပ်ဆောင်ရန် လိုအပ်သော လမ်းညွှန်မှုနှင့် ယုံကြည်မှုတို့ကို ပေးမည်ဖြစ်သည်။ မှန်ကန်သောရွေးချယ်မှုနှင့်ပတ်သက်၍ သင်မသေချာမရေရာသေးပါက အကူအညီရယူရန် ကျွန်ုပ်တို့၏ ဖွင့်ဟပြောဆိုမှု ချန်နယ်များမှ တစ်ခုခုသို့ ဆက်သွယ်ပြီး စိုးရိမ်မှုများကို သတင်းပို့ပါ။ Hitachi သည် အကျင့်ပျက်မှု အလားအလာ မရှိစေရေးနှင့် ရှာဖွေဖော်ထုတ်ရေးတွင် သင်တို့၏ အကူအညီကို တန်ဖိုးထားပါသည်။ စိုးရိမ်ပူပန်မှုတစ်ခုကို သဘောရိုးဖြင့် ဖွင့်ပြောသည့် သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းတွင် ပါဝင်သည့် မည်သူမဆိုအား လက်တုံ့ပြန်ခြင်းကို Hitachi က တားမြစ်ထားပါသည်။

ကျင့်ဝတ်စည်းကမ်း(မျက်နှာ 5 မှ 36 အထိ) ကို ဖတ်ရှုရန်၊ သိရှိနားလည်ရန်၊ မေးခွန်းများ မေးရန်နှင့် လိုအပ်သလို စိုးရိမ်မှုများကို တင်ပြရန် သင့်အား ကျွန်ုပ်တို့တောင်းဆိုပါသည်။ ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းကမ်းကို လိုက်နာခြင်းဖြင့်၊ ကျွန်ုပ်တို့၏ကုမ္ပဏီ၏အောင်မြင်မှုအတွက် အခြေခံအကျဆုံးဖြစ်သည့် လူ့အဖွဲ့အစည်း၊ ကျွန်ုပ်တို့၏ဖောက်သည်များနှင့် လုပ်ဖော်ကိုင်ဖက်များ၏ ယုံကြည်မှုကို ရရှိပြီး ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။



**Keiji Kojima**
ဥက္ကဋ္ဌနှင့် စီအီးအို
Hitachi, Ltd.

# ကျွန်ုပ်တို့၏ ရည်မှန်းချက်၊ စံတန်ဖိုးများနှင့် မျှော်မှန်းချက်


Hitachi တည်ထောင်သူ Namihei Odaira က မူလသတ်မှတ်ထားသည့် ရည်မှန်းချက်ကို Hitachi ၏ နှစ် 100 ကျော်သမိုင်းတစ်လျှောက် ဝန်ထမ်းများနှင့် အစုရှယ်ယာရှင်များ၏ မျိုးဆက်များထံ ဂရုတစိုက် လွှဲပြောင်းပေးခဲ့သည်။

**စံတန်ဖိုးများ** သည် Hitachi ၏ ရည်မှန်းချက်ကိုဖြည့်ဆည်းရန် ကျွန်ုပ်တို့၏ကုမ္ပဏီတွင် ယခင်အုပ်ချုပ်သူများ၏ ကြိုးပမ်းလုပ်ကိုင်မှုဖြင့် ရရှိသော အောင်မြင်မှုများဖြင့် ပုံဖော်ထားသည့် Hitachi တည်ထောင်မှု အခြေခံစိတ်ဓာတ်ကို ထင်ဟပ်စေသည်။

**မျှော်မှန်းချက်** ကိုရည်မှန်းချက်နှင့် စံတန်ဖိုးများအပေါ်အခြေခံလျက် ဖန်တီးထားသည်။ ၎င်းက Hitachi Group က နောက်ထပ်တိုးတက်မှုအဆင့်သို့ တက်လှမ်းလာသည်နှင့်အမျှ အနာဂတ်တွင် ဖြစ်လာရန် ရည်မှန်းထားသည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

**Mission၊ Values** နှင့် **Vision** တို့ကို ရိုးရှင်းသော သဘောတရားဖြင့် မျှဝေရန် ဖန်တီးထားပါသည်- Hitachi Group ၏ ကိုယ်ပိုင်လက္ခဏာရပ်။

ကျင့်ဝတ်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများတွင် **Hitachi Group ၏ ကိုယ်ပိုင် လက္ခဏာရပ်**"နှင့်အညီ ဆုံးဖြတ်ချက်များချမှတ်ပြီး အရေးယူဆောင်ရွက်ရန် အရာရှိများနှင့် ဝန်ထမ်းများကိုကူညီပေးနိုင်မည့် စည်းမျဉ်းများ၊ အခြေခံမူများ ပါဝင်သည်။




ကျွန်ုပ်တို့၏ စံတန်ဖိုးများသည် Hitachi ၏ ထူထောင်ရေးစိတ်ဓာတ်အပေါ် အခြေပြုအတုယူပြီး ကျွန်ုပ်တို့၏ ရှေ့တော်သားများက ရာစုနှစ်တစ်စုကျော်ကြာ ဂရုတစိုက် လမ်းညွှန်မှုပေးလျက် ၎င်းတန်ဖိုးများကို လက်ခံယုံကြည်ခဲ့ကြသည်။ ထိုစိတ်ဓာတ်သည် ကျွန်ုပ်တို့ တွေးခေါ် ပုံနှင့် လုပ်ဆောင်ပုံတိုင်းတွင် ပဲ့တင်ထပ်နေပြီး ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးအသစ်တစ်ရပ်ကို ဖော်ဆောင်သည့် ဖြေရှင်းနည်းများအား ဆောင်ကြဉ်းပေးရန် ကျွန်ုပ်တို့စုပေါင်းကြိုးစားလျက်ရှိပါသည်။

**သဟဇာတဖြစ်မှု**
အခြားသူများ၏ ထင်မြင်ချက်များအပေါ် လေးစားလိုစိတ်ရှိပြီး ကိစ္စရပ်များကို စေ့စပ်သေချာပြီး ပွင့်လင်းသော နည်းလမ်းဖြင့် ဆွေးနွေးသော်ငြားလည်း တရားမျှတပြီး သမာသမတ်ကျမှု ရှိရပေမည်။ နောက်ဆုံး ဆုံးဖြတ်ချက် ချပြီးသည်နှင့် ဘုံရည်မှန်းချက်တစ်ခုကို ဖော်ဆောင်ရန် ပူးပေါင်း၍ အတူတကွ လုပ်ဆောင်ကြရမည်။

**ရိုးသားမှု**
အချိန်တိုင်း တာဝန်သိသိနှင့် ရိုးသားမှုရှိသော စိတ်ထားဖြင့် ဆောင်ရွက်ပြီး မိမိတာဝန်ကို အခြားသူအပေါ် လွှဲချပြစ်တင်ခြင်းမျိုး ဘယ်တော့မှ မလုပ်ရပါ။ လူမှုအဖွဲ့အစည်း၏ မျှော်မှန်းချက်များနှင့် ကိုက်ညီပြီး Hitachi အပေါ် အများယုံကြည်လက်ခံမှု ရရှိစေမည့် စိတ်ဓာတ်ဖြစ်သည်။

**စွန့်ဦးတီထွင်လိုစိတ်**
နယ်ပယ်အသစ်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် ဆန်းသစ်သော ချဉ်းကပ်နည်းများကို အသုံးပြုလျက် တီထွင်ဖန်တီးမှု အားကောင်းစွာဖြင့် လုပ်ဆောင်ရန်။ ကျွန်ုပ်တို့ ကျွမ်းကျင်သည့် နယ်ပယ်များအတွင်း စွန့်ဦးတီထွင်သူတစ်ဦးအဖြစ် အမြဲပြုမူဆောင်ရွက်ရန်နှင့် ကျွန်ုပ်တို့၏ လုပ်နိုင်စွမ်းထက် ကျော်လွန်သော ပိုမိုမြင့်မားသည့် ရည်မှန်းချက်များအား ဆောင်ရွက်လိုသည့် စိတ်အားထက်သန်မှုရှိရန်။

# Hitachi Group ၏ ကျင့်ဝတ်များ နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ

## မာတိကာ


### သတိရှိပါ

Hitachi တွင် ကျင့်ဝတ်စည်းကမ်းရှိရသည့် အကြောင်း

Hitachi ၏ ကျင့်ဝတ်စည်းကမ်းက ဘယ်သူတွေအပေါ် သက်ရောက်သလဲ

ဝန်ထမ်းများ ဘာတွေလုပ်ဖို့ လိုသလဲ

ခေါင်းဆောင်များ ဘာတွေလုပ်ဖို့ လိုသလဲ

ကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေကို ဘယ်လိုချနိုင်မလဲ

စိုးရိမ်ပူပန်မှုများကို သင် ဘယ်လိုတင်ပြနိုင်မလဲ

စိုးရိမ်ပူပန်မှုတစ်ခုကို တင်ပြတဲ့အခါ ဘာဖြစ်မလဲ

### ကျွန်ုပ်တို့ပိုင်ဆိုင်သည့်အရာကို ကာကွယ်ပါ

ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုများကို ကာကွယ်ပါ

ကျွန်ုပ်တို့၏ဉာဏပစ္စည်းကို ကာကွယ်ပါ

အများသိရန်မဟုတ်သော အချက်အလက်များကိုကာကွယ်ပါ

### တာဝန်ခံမှုရှိကြောင်း ပြသပါ

လုပ်ငန်းမိတ်ဖက်များကို ဂရုတစိုက်ရွေးချယ်ပါ

အကျိုးစီးပွား ပဋိပက္ခများကို ခွဲခြားရွေးထုတ်၍ ကိုင်တွယ်ဖြေရှင်းပါ

တိကျသောဘဏ္ဍာရေးမှတ်တမ်းများကို ထိန်းသိမ်းပါ

ငွေကြေးခဝါချမှုကို ကာကွယ်တားဆီးပါ

လက်ဆောင်များ ပေးကမ်းခြင်း၊ ရယူခြင်း၊ ခရီးသွားခြင်းနှင့် ဖျော်ဖြေရေးတို့ကို တာဝန်သိစွာ ဆောင်ရွက်ပါ

လျှို့ဝှက်လုပ်ငန်းအချက်အလက်နှင့် ကိုယ်ရေးအချက်အလက်များကို ကာကွယ်ပါ

### အခြားသူများနှင့် မျှတစွာဆက်ဆံပါ

ဖောက်သည်များနှင့် ယုံကြည်မှုတည်ဆောက်ပါ

ဝယ်ယူရေးမိတ်ဖက်များနှင့် ဆက်ဆံရေးကို မြှင့်တင်ပါ

မျှတစွာ ယှဉ်ပြိုင်ပါ

ကုန်သွယ်မှု စည်းကမ်းလိုက်နာရေး ဥပဒေများကို လိုက်နာပါ

လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုတို့ကို တားဆီးပါ

တာဝန်သိစွာ ပြောဆိုဆက်ဆံပါ

အစုရှယ်ယာလက်မှတ်များကို တရားမျှတ၍ တရားဥပဒေနှင့်ညီစွာ ရောင်းဝယ်ပါ

### ကျွန်ုပ်တို့၏အသိုင်းအဝိုင်းများကို ဂရုစိုက်ပါ

ကျွန်ုပ်တို့၏ကမ္ဘာမြေကိုဂရုစိုက်ပါ

လူ့အခွင့်အရေးကို လေးစားပါ

မတူကွဲပြားမှု၊ သာတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှုကို တန်ဖိုးထားပါ

ထိပါးနှောင့်ယှက်မှု ကင်းစင်သော လုပ်ငန်းခွင်ကို ပံ့ပိုးပေးပါ

ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ပါ

ကျွန်ုပ်တို့၏အသိုင်းအဝိုင်းများတွင် ရင်းနှီးမြှုပ်နှံပါ

# သတိရှိပါ

**Hitachi** တွင် ကျင့်ဝတ်စည်းကမ်းရှိရသည့် အကြောင်း
**Hitachi** ၏ ကျင့်ဝတ်စည်းကမ်းက ဘယ်သူတွေအပေါ် သက်ရောက်သလဲ
ဝန်ထမ်းများ ဘာတွေလုပ်ဖို့ လိုသလဲ
ခေါင်းဆောင်များ ဘာတွေလုပ်ဖို့ လိုသလဲ
ကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေကို ဘယ်လိုချနိုင်မလဲ
စိုးရိမ်ပူပန်မှုများကို သင် ဘယ်လိုတင်ပြနိုင်မလဲ
စိုးရိမ်ပူပန်မှုတစ်ခုကို တင်ပြတဲ့အခါ ဘာဖြစ်မလဲ



## Hitachi တွင် ကျင့်ဝတ်စည်းကမ်းရှိရသည့် အကြောင်း

သင်သည် အလုပ်တွင် မရေတွက်နိုင်သည့် ဆုံးဖြတ်ချက်များကို နေ့စဉ်ချမှတ်ရသည်။ ကျွန်ုပ်တို့၏ကျင့်ဝတ်စည်းကမ်းက သင့်အား စိန်ခေါ်မှုရှိသော အခြေအနေများတွင် လမ်းပြပေးနိုင်ပြီး သင့်ဆုံးဖြတ်ချက်များကို လမ်းညွှန်ပေးနိုင်ပါသည်။

### ကျင့်ဝတ်စည်းကမ်းက သင့်အား အောက်ပါတို့ကို လုပ်ဆောင်နိုင်စေသည်-

- Hitachi ၏မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအပြင်၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာရန်
- သင်ကိုယ်တိုင် ရိုးရိုးသားသားနှင့် ကျင့်ဝတ်နှင့်ညီညွတ်စွာ ကျင့်ကြံဆောင်ရွက်ရန်နှင့်
- Hitachi က သင့်ထံမှ မျှော်မှန်းထားသည်ကို သိရှိနားလည်ရန်။

## Hitachi ၏ ကျင့်ဝတ်စည်းကမ်းက ဘယ်သူတွေအပေါ် သက်ရောက်သလဲ

ကျင့်ဝတ်စည်းကမ်းသည် Hitachi အတွက် အလုပ်လုပ်သူ သို့မဟုတ် ကိုယ်စားပြုသူ မည်သူမဆိုနှင့် သက်ဆိုင်ပါသည်။ ကျင့်ဝတ်စည်းကမ်းသည် Hitachi ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ကန်ထရိုက်တာများနှင့်လည်း သက်ဆိုင်ပါသည်။

Hitachi နှင့်အတူ သို့မဟုတ် Hitachi ကိုယ်စား အလုပ်လုပ်သည့်အခါ Hitachi အနေဖြင့် လုပ်ငန်းမိတ်ဖက်များကို ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းကမ်း၊ တည်ဆဲဥပဒေများ၊ စည်းမျဉ်းများနှင့်ညီသော အပြုအမူများအား လိုက်နာရန်လည်း မျှော်လင့်ပါသည်။

*သက်ဆိုင်ရာ ဒေသန္တရဥပဒေများသည် ဤကျင့်ဝတ်စည်းကမ်းထက် ပိုမိုတင်းကျပ်ပါက အဆိုပါ ဒေသဆိုင်ရာဥပဒေများကို သင်လိုက်နာရပါမည်။ မလိုက်နာသည့် လုပ်ဆောင်မှုများကြောင့် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှု၊ ဒဏ်ငွေ၊ ပြစ်ဒဏ်များ သို့မဟုတ် အလုပ်မှထုတ်ပယ်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ ဤကျင့်ဝတ်စည်းကမ်း၏ ဘာသာပြန်ပုံစံများအကြား ကွဲလွဲမှုများရှိနေပါက ဂျပန်ဘာသာစကားဖြင့်ရေးသားထားသည်ကို အတည်ယူမည်ဖြစ်သည်။*

Hitachi ဝန်ထမ်းတစ်ဦးအနေဖြင့် သင်ပြောဆိုသော စကားလုံးများနှင့် လုပ်ဆောင်ချက်များမှတစ်ဆင့် Hitachi ၏စံတန်ဖိုးများကို ပြသခြင်းဖြင့် ကျင့်ဝတ်နှင့်အညီ ပြုမူဆောင်ရွက်ရန် သင့်တွင် တာဝန်ရှိပါသည်။ ဤစကားလုံးများနှင့် လုပ်ဆောင်ချက်များသည် အခြေအနေတိုင်းတွင် တရားမျှတမှု၊ ရိုးသားမှုနှင့် ပွင့်လင်းမြင်သာမှုတို့ဖြင့် ကျင့်ဝတ်နှင့်အညီ ပြုမူဆောင်ရွက်သော ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေပါသည်။

မှန်ကန်စွာလုပ်ဆောင်ခြင်းသည် လိမ်လည်သော၊ တရားမဝင်သော သို့မဟုတ် လူ့စည်းကမ်းချိုးဖောက်သော လုပ်ရပ် သို့မဟုတ် ထိုသို့ ထင်မြင်ရသည့် လုပ်ရပ်တစ်ခုခုတွင် မပါဝင်ခြင်း ဖြစ်ပါသည်။



# ဝန်ထမ်းများ ဘာတွေလုပ်ဖို့ လိုသလဲ

***အသိအမြင်ရှိပါစေ။*** ကျင့်ဝတ်စည်းကမ်းနှင့် Hitachi ၏မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအပြင် လုပ်ငန်းဌာန/အုပ်စုကုမ္ပဏီ သို့မဟုတ် ဒေသဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို ဖတ်ရှုပြီး ရင်းနှီးကျွမ်းဝင်အောင်လုပ်ပါ။ သင်၏ ကျင့်ဝတ်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်သင်တန်းကို ဆောလျင်စွာ ပြီးမြောက်အောင် လုပ်ဆောင်ပါ။ မှန်ကန်စွာလုပ်ဆောင်ခြင်းနှင့်မကိုက်ညီသည့် လုပ်ဆောင်ချက်များကို အာရုံစိုက်ပါ။

***ဥပဒေကို လိုက်နာပါ။*** တည်ဆဲဥပဒေနှင့် စည်းမျဉ်းများနှင့် ၎င်းတို့ကို သင့်အလုပ်တွင် မည်သို့အသုံးချရမည်ကို လေ့လာပါ။ တည်ဆဲဥပဒေများ သို့မဟုတ် စည်းမျဉ်းများနှင့် ပတ်သက်၍ မသေချာပါက သင့်မန်နေဂျာ သို့မဟုတ် ဝန်ထမ်းရေးရာ၊ စည်းကမ်းလိုက်နာရေး သို့မဟုတ် ဥပဒေရေးရာ အဖွဲ့ဝင်တစ်ဦးနှင့် ဆွေးနွေးပါ။

***အကူအညီတောင်းပါ။*** အဖြေတစ်ခုခု မရှင်းလင်းသည့်အခါ သင့်မန်နေဂျာ သို့မဟုတ် ဝန်ထမ်းရေးရာ၊ စည်းကမ်းလိုက်နာရေး သို့မဟုတ် ဥပဒေရေးရာ အဖွဲ့ဝင်တစ်ဦးနှင့် ဆွေးနွေးပါ။

***ဖွင့်ဟပြောဆိုပါ။*** ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းကမ်း၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့် စည်းမျဉ်းများကို ချိုးဖောက်မှုများ ဖြစ်လာနိုင်ခြေရှိသော အကျင့်ပျက်မှု သို့မဟုတ် ချိုးဖောက်မှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို တင်ပြပါ။ သင်သည် စုံစမ်းစစ်ဆေးမှုတစ်ခုတွင် ပါဝင်ပါက အပြည့်အဝနှင့် မှန်ကန်စွာ ပူးပေါင်းဆောင်ရွက်ပါ။

# ခေါင်းဆောင်များ ဘာတွေလုပ်ဖို့ လိုသလဲ

***ကျင့်ဝတ်စည်းကမ်းနှင့် ကျွန်ုပ်တို့၏ စံတန်ဖိုးများကို စံပြပြုမူပါ။*** ကျင့်ဝတ်နှင့်ညီသော ဆုံးဖြတ်ချက်များချပါ၊ ကျွန်ုပ်တို့၏ စံတန်ဖိုးများအတိုင်း နေထိုင်ပါ၊ ထို့အပြင် သင်လုပ်သမျှ အရာတိုင်းတွင် ၎င်းတို့ကို လက်တွေ့ကျင့်သုံးပါ။

***မျှော်မှန်းမှုများ သတ်မှတ်ထားရှိပါ။*** ကျင့်ဝတ်များ၏ အရေးကြီးပုံကို ဆွေးနွေးပြီး ဝန်ထမ်းများအား မှန်ကန်သည့်အရာကိုသာ လုပ်စေလိုကြောင်း အသိပေးပါ။

***သိရှိထားပါ။*** ကျင့်ဝတ်စည်းကမ်းများကို ကိုးကားပါ၊ ရင်းမြစ်များအတွက် သွားရမည့်နေရာကို သိပါ၊ ထို့အပြင် ဝန်ထမ်း မေးခွန်းများကို ဖြေပါ။

***ကျင့်ဝတ်စည်းကမ်း အကြောင်း ပြောဆိုပါ။*** အဖွဲ့အစည်းအဝေးများအတွင်း လုပ်ငန်းကို ကျင့်ဝတ်သိက္ခာရှိရှိ ရိုးသားစွာလုပ်ဆောင်ခြင်းအကြောင်း ဆွေးနွေးမှုများတွင် သင့်အဖွဲ့အား ပါဝင်ခိုင်းပါ။

***မဆိုင်းမတွဘဲ တုံ့ပြန်မှုရှိပြီး ဖွင့်ဟပြောဆိုသည့် ပတ်ဝန်းကျင်ကို အားပေးမြှင့်တင်ပါ။*** ဝန်ထမ်းများအား ကျင့်ဝတ်ဆိုင်ရာမေးခွန်းများ သို့မဟုတ် စိုးရိမ်ပူပန်မှုများရှိပါက သင့်ထံလာရောက်ပြောဆိုရန် အားပေးပါ။ ၎င်းတို့ကို ဂရုတစိုက်နားထောင်ပြီး လမ်းညွှန်မှုပေးပါ။ ၎င်းတို့လိုအပ်သည့်အခါ ကျွန်ုပ်တို့၏ ဖွင့်ဟပြောဆိုမှုချန်နယ်များသို့ လွှဲပေးပါ။

***အရေးယူဆောင်ရွက်ပါ။*** ချိုးဖောက်မှု သို့မဟုတ် အကျင့်ပျက်မှုဖြစ်နိုင်ခြေကို သတိပြုမိပါက ချက်ချင်းဖွင့်ပြောပါ။ ဘယ်သောအခါမှ လက်တုံ့ပြန်ခြင်းမပြုပါနှင့် သို့မဟုတ် အခြားသူများက လက်တုံ့ပြန်ခြင်းကို ဘယ်သောအခါမှ ခွင့်မပြုပါနှင့်။

# ကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေကို ဘယ်လိုချနိုင်မလဲ

မှန်ကန်စွာနှင့် ကျင့်ဝတ်နှင့်ညီစွာ လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ပန်းတိုင်ဖြစ်သည်။

သင်သည် ကျင့်ဝတ်နှင့်ပတ်သက်၍ ရွေးချယ်ရမည့် အခြေအနေတစ်ခုတွင် မည်သို့ရွေးချယ်ရမည်ကို မရှင်းလင်းပါက၊ **သင့်ကိုယ်သင် မေးရန်မှာ-**

- ၎င်းက ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းကမ်းနှင့်ကိုက်ညီပါသလား။
  - ဟုတ် → နောက်မေးခွန်း
  - မဟုတ်
- တရားဥပဒေနှင့်ညီရဲ့လား။
  - ဟုတ် → နောက်မေးခွန်း
  - မဟုတ်
- Hitachi ၏ မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများနှင့်ရော ညီရဲ့လား။
  - ဟုတ် → နောက်မေးခွန်း
  - မဟုတ်
- ၎င်းက Hitachi ၏ ရည်မှန်းချက်၊ စံတန်ဖိုးများနှင့် မျှော်မှန်းချက်ကို အထောက်အပံ့ဖြစ်စေရဲ့လား။
  - ဟုတ် → နောက်မေးခွန်း
  - မဟုတ်
- ကျွန်ုပ်၏ လုပ်ရပ်များကို လူတကာကို အသိပေးမည်ဆိုလျှင် ကျွန်ုပ် အဆင်ပြေပါ့မလား။
  - ဟုတ်
  - မဟုတ်

*မေးခွန်းတစ်ခုခုနှင့်ပတ်သက်၍ မသေချာပါက-*
သင့်မန်နေဂျာ သို့မဟုတ် ဝန်ထမ်းရေးရာ၊ စည်းကမ်းလိုက်နာရေး သို့မဟုတ် ဥပဒေရေးရာအဖွဲ့ဝင်တစ်ဦးနှင့် ၎င်းကိုဆွေးနွေးပါ။

*အားလုံးအတွက် ဟုတ်ဆိုပါက-*
၎င်းကို လုပ်ပါ။ သင်၏ ဆုံးဖြတ်ချက်က မှန်ကန်သည့်အရာဖြစ်သည်။

*အကယ်၍ တစ်ခုခုအတွက် မဟုတ်ဆိုပါက-*
၎င်းကို မလုပ်ပါနှင့်။ ၎င်းသည် သင်၊ အခြားသူတစ်ဦး သို့မဟုတ် Hitachi ကို အန္တရာယ်ဖြစ်စေနိုင်သည်။

# စိုးရိမ်ပူပန်မှုကို သင် ဘယ်လိုတင်ပြနိုင်မလဲ

သင်၏အလုပ်ပတ်ဝန်းကျင်တွင် တစ်စုံတစ်ခု မှန်ကန်ခြင်းမရှိဖြစ်နေသည်ကို သင်ခံစားရနိုင်သည်။ ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းကမ်း၊ Hitachi ၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ သို့မဟုတ် ဥပဒေနှင့် စည်းမျဉ်းများကို ချိုးဖောက်နိုင်သည့် လုပ်ရပ်တစ်ခုအကြောင်း သင်တွေ့မြင်ခဲ့ရခြင်း သို့မဟုတ် ကြားခဲ့ခြင်းဖြစ်နိုင်သည်။ သို့ဆိုလျှင်၊ သင်သည် ချိုးဖောက်မှုတစ်ခုဖြစ်ပွားခဲ့သည်ကို မသေချာသည့်တိုင် ဖြစ်လာနိုင်သော အကျင့်ပျက်မှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို တိုင်ကြားရန် သင့်တွင် တာဝန်ရှိပါသည်။

# ဖွင့်ဟပြောဆိုမှု ချန်နယ်များ

**Hitachi သည် အကူအညီများ ပိုမိုပေးနိုင်ရန်နှင့် စိုးရိမ်ပူပန်မှုများကို တိုင်ကြားရန်အတွက် ဖွင့်ဟပြောဆိုမှု ချန်နယ် အမျိုးမျိုးကို ပံ့ပိုးပေးသည်။**

**ဖွင့်ဟပြောဆိုပါ**

- သင့်မန်နေဂျာ၊
- အထက်မန်နေဂျာ သို့မဟုတ် သင်ယုံကြည်ရသည့် အခြားမန်နေဂျာတစ်ဦး သို့မဟုတ်
- ဝန်ထမ်းရေးရာ၊ စည်းကမ်းလိုက်နာရေး သို့မဟုတ် ဥပဒေရေးရာ အဖွဲ့။

**သို့မဟုတ် Hitachi ကမ္ဘာလုံးဆိုင်ရာ စည်းကမ်းလိုက်နာရေး ဟော့လိုင်းသို့ ဆက်သွယ်ပါ။**

**ဖုန်းခေါ်ဆိုပါ**

- ဤတိုင်ကြားခြင်း ဝန်ဆောင်မှုကို လွတ်လပ်သော ပြင်ပအဖွဲ့အစည်းတစ်ခုက လုပ်ဆောင်သည်။
- ဟော့လိုင်းကို 24/7 အချိန်ပြည့် ဆက်သွယ်နိုင်ပြီး ဥပဒေအရခွင့်ပြုထားသည့် အခြေအနေတွင် အမည်မဖော်ဘဲ ဆက်သွယ်နိုင်ပါသည်။

**ဟော့လိုင်းကို ဆက်သွယ်ရန်-**

**သွားရောက်ပါ**

**chi.ethicspoint.com** သို့ သွားရောက်ပါ

**ဖုန်းခေါ်ဆိုပါ**

ခေါ်ဆိုခအခမဲ့ဖြင့် ဖုန်းခေါ်ပါ။ သင့်နိုင်ငံအတွက် နံပါတ်ကို **hitachi.ethicspoint.com** တွင် ရှာဖွေပါ ဘာသာပြန်ဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။

## လက်တုံ့ပြန်ခြင်းဟူသည် အဘယ်နည်း။

တစ်စုံတစ်ဦးအား စိုးရိမ်ပူပန်မှု သတင်းပို့ခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးမှုတွင် ပါဝင်ခြင်းမှ ဟန့်တားမည့် မည်သည့် လုပ်ဆောင်ချက်မဆို။

လက်တုံ့ပြန်ခြင်း၏နမူနာများတွင် တစ်စုံတစ်ဦးက စိုးရိမ်ပူပန်မှုကို တင်ပြခဲ့သောကြောင့် သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်ခုတွင် ပါဝင်ခဲ့သောကြောင့် ၎င်းအား ရာထူးအဆင့်လျှော့ချခြင်း၊ ထိပါးနှောင့်ယှက်ခြင်း၊ အလုပ်တာဝန်ပြောင်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အခြားပုံစံ အရေးယူဆောင်ရွက်ခြင်းများ ပါဝင်သည်။

## လက်တုံ့ပြန်ခြင်းကို လုံးဝ လက်သင့်မခံခြင်း

Hitachi သည် အကျင့်ပျက်မှု အလားအလာ မရှိစေရေးနှင့် ရှာဖွေဖော်ထုတ်ရေးတွင် သင်တို့၏ အကူအညီကို တန်ဖိုးထားပါသည်။ စိုးရိမ်ပူပန်မှုတစ်ခုကို သဘောရိုးဖြင့် ဖွင့်ပြောသည့် သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းတွင် ပါဝင်သည့် မည်သူမဆိုအား လက်တုံ့ပြန်ခြင်းကို Hitachi က တားမြစ်ထားပါသည်။

Hitachi သည် မည်သည့်လက်တုံ့ပြန်မှု စွဲချက်ကိုမဆို စုံစမ်းစစ်ဆေးပါမည်။ လက်တုံ့ပြန်မှုတွင် ပါဝင်ပတ်သက်သော ဝန်ထမ်းများသည် စည်းကမ်းပိုင်းအရ အရေးယူခံရပါမည်။

# စိုးရိမ်ပူပန်မှုတစ်ခုကို တင်ပြတဲ့အခါ ဘာဖြစ်မလဲ

စိုးရိမ်ပူပန်မှုတစ်ခုကို သင် တင်ပြလိုက်သည့်အခါ ပြဿနာများကို ကောင်းစွာကိုင်တွယ်ဖြေရှင်းရန်၊ ပြဿနာများကို မဖြစ်ပွားမီ ဖြေရှင်းရန်နှင့် ဖြစ်ပျက်ခဲ့ပြီးသော အခြေအနေများကို ကုစားရန် ကျွန်ုပ်တို့အား ကူညီပေးခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အချင်းချင်းနှင့် ကျွန်ုပ်တို့နှင့် ဖောက်သည်များ၊ လုပ်ငန်းမိတ်ဖက်များကြား ယုံကြည်မှုတည်ဆောက်ရန်လည်း ကူညီပေးရာရောက်ပါသည်။

**1**

**သင်သည် သဘောရိုးဖြင့် တင်ပြလိုက်သည်။**

ဥပဒေအရ ခွင့်ပြုထားသည့်အခါ အမည်မဖော်ဘဲ တင်ပြရန် သင်ရွေးချယ်နိုင်သည်။

သင့်အမည်နှင့်/သို့မဟုတ် ဆက်သွယ်ရန်အချက်အလက်ကို ပေးပါက စုံစမ်းစစ်ဆေးမှုကို အထောက်အကူဖြစ်စေပါသည်။

**2**

**သင့်တင်ပြမှုကို စိုးရိမ်မှုကိုင်တွယ်ဖြေရှင်းရေး စနစ်တွင် မှတ်တမ်းတင်ထားသည်။**

**3**

**သင့်တင်ပြမှုကို သင့်လျော်သော လုပ်ငန်းတွင်း အရင်းအမြစ်များထံ ပေးပို့လိုက်သည်။**

**4**

**ကျွန်ုပ်တို့က စုံစမ်းစစ်ဆေးရေးအစီအစဉ်ကို ရေးဆွဲသည်။**

**5**

**စုံစမ်းစစ်ဆေးမှု ဆက်လက်လုပ်ဆောင်သည်။**

သင့်အားတောင်းဆိုလျှင် စုံစမ်းစစ်ဆေးမှုတွင် အပြည့်အဝပါဝင်ပါ။

**6**

**စွပ်စွဲချက်များသည် မှန်ကန်ကြောင်း အတည်ပြုခဲ့သည် သို့မဟုတ် မှန်ကန်မှုမရှိကြောင်း တွေ့ရှိရသည်။**

**7**

**သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်သည်။**

လုပ်ငန်းစဉ် သို့မဟုတ် အစီအစဉ် မြှင့်တင်မှုများ ပြုလုပ်ရန် လိုအပ်မှုရှိ၊ မရှိ ဆုံးဖြတ်ပါ။

မူဝါဒများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို ပြုပြင်ပြောင်းလဲရန် လိုအပ်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်ပါ။

အရေးယူဆောင်ရွက်ရန် လိုအပ်ခြင်းရှိ၊ မရှိ ဆုံးဖြတ်ပါ။

သင့်လျော်သလို အခြားလုပ်ဆောင်ချက်များ။

# ကျွန်ုပ်တို့ ပိုင်ဆိုင်သည့် အရာများကို ကာကွယ်ပါ

ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုများကို ကာကွယ်ပါ
ကျွန်ုပ်တို့၏ဉာဏပစ္စည်းကို ကာကွယ်ပါ
အများသိရန်မဟုတ်သော အချက်အလက်များကို ကာကွယ်ပါ



## ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုများကို ကာကွယ်ပါ

Hitachi နှင့် ၎င်း၏ဝန်ထမ်းများသည် သင်၏အလုပ်လုပ်ကိုင်မှု ကာလတစ်လျှောက်လုံးတွင် သင့်အား ပေးအပ်ထားသော သို့မဟုတ် သင် ရရှိနိုင်သော အီလက်ထရွန်နစ်၊ ငွေကြေးနှင့် ရုပ်ပိုင်းဆိုင်ရာ ပိုင်ဆိုင်မှုများကို ကာကွယ်ပေးပါသည်။

## ကျွန်ုပ်တို့၏ ကတိကဝတ်

Hitachiသည် ကျွန်ုပ်တို့၏ဖောက်သည်များကို ဝန်ဆောင်မှုပေးနေစဉ် ကျွန်ုပ်တို့၏လုပ်ငန်းကို ထိထိရောက်ရောက် အကျိုးရှိရှိ စီမံခန့်ခွဲရာတွင် ကူညီရန် သင့်အား အရင်းအမြစ်များကို ပံ့ပိုးပေးပါသည်။ Hitachi ၏မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအရ ၎င်းတို့ကို အသုံးပြုခြင်းအားဖြင့် အဆိုပါအရင်းအမြစ်များကို အလွဲသုံးစားလုပ်ခြင်း၊ အထိန်းအသိမ်း ပေါ့လျော့မှု၊ လိမ်လည်ခြင်း၊ ဆုံးရှုံးခြင်းနှင့် ခိုးယူခံရခြင်းတို့မှ ကာကွယ်ပါ။

## သင်၏နေ့စဉ်အလုပ်တွင်

***ဘာကိုကာကွယ်ရမလဲဆိုတာ သိပါစေ။*** Hitachi ပိုင်ဆိုင်မှု ဥပမာများတွင် အောက်ပါတို့ပါဝင်သည်-

- **ရုပ်ပိုင်းဆိုင်ရာ ပိုင်ဆိုင်မှုများ** – အဆောက်အအုံများ၊ စက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် ကိရိယာများ။
- **နည်းပညာ** – ကွန်ပျူတာများ၊ ဟာ့ဒ်ဝဲများ၊ ဖုန်းများ၊ တက်ဘလက်များ၊ ဆော့ဖ်ဝဲများနှင့် စနစ်များကို အသုံးပြုခွင့်။

***Hitachi ၏ပိုင်ဆိုင်မှုများကို လုံခြုံအောင်ထိန်းသိမ်းပါ။*** Hitachi ၏ ပိုင်ဆိုင်မှုများကို ကိုယ်ကျိုးအတွက် အသုံးမပြုပါနှင့်။ Hitachi ၏ ပိုင်ဆိုင်မှုများကို သင့်လျော်သော ခွင့်ပြုချက်မရှိဘဲ စွန့်ပစ်ခြင်း သို့မဟုတ် ရောင်းချခြင်းမပြုပါနှင့်။

***အလွဲသုံးစားလုပ်မှုကို တိုင်ကြားပါ။*** တစ်စုံတစ်ဦးသည် ကျင့်ဝတ်သိက္ခာမဲ့သော လုပ်ဆောင်ချက်တွင် ပါဝင်နေသည်ကို သင် တွေ့ပါက သို့မဟုတ် တစ်စုံတစ်ဦးသည် ပိုင်ဆိုင်မှုများကို အလွဲသုံးစားလုပ်နေသည်ကို သင် သိပါက သင့်မန်နေဂျာ သို့မဟုတ် ဝန်ထမ်းရေးရာ၊ စည်းကမ်းလိုက်နာရေး သို့မဟုတ် ဥပဒေရေးရာအဖွဲ့ဝင်တစ်ဦးနှင့် ဆွေးနွေးပြောဆိုပါ။

# ကျွန်ုပ်တို့၏ဉာဏပစ္စည်းကို ကာကွယ်ပါ

**Hitachi** သည် ကျွန်ုပ်တို့၏ကုန်အမှတ်တံဆိပ်အပါအဝင် ဉာဏပစ္စည်းကို ကာကွယ်ပြီး အသုံးပြုပါသည်။

## ဉာဏပစ္စည်း

*ဉာဏပစ္စည်းသည် ဉာဏ်ပညာဖြင့် တီထွင်ဖန်တီးမှုမှ ရရှိလာသည့် တန်ဖိုးရှိသော၊ အထည်ကိုယ်ဒြပ်မရှိသော ပိုင်ဆိုင်မှုတစ်ခုဖြစ်သည်။*

*ဥပမာများတွင် အောက်ပါတို့ပါဝင်သည်-*

- **ကုန်အမှတ်တံဆိပ်အမည်များ**
- **ဆော့ဖ်ဝဲ**
- **ဒီဇိုင်းများ**
- **လုပ်ငန်းလျှို့ဝှက်ချက်များ**
- **စိတ်ကူးများ**
- **အနုပညာလက်ရာများ**
- **တီထွင်မှုများ**

*တီထွင်မှု မူပိုင်ခွင့်များ၊ မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ်များ၊ မူပိုင်ခွင့်များ သို့မဟုတ် အခြားဥပဒေဆိုင်ရာ အစီအမံများသည် ဉာဏပစ္စည်းကို ကာကွယ်ပေးပါသည်။*

○ ○ ○

## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့သည် Hitachi ၏ ဉာဏပစ္စည်းကို Hitachi ၏ တန်ဖိုးရှိသော ပိုင်ဆိုင်မှုနှင့် ကျွန်ုပ်တို့၏ယှဉ်ပြိုင်မှုအားသာချက်၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ခုအဖြစ် သဘောထားသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လုပ်ငန်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဉာဏပစ္စည်းကို ထိထိရောက်ရောက်အသုံးပြုပါမည်။

# သင်၏နေ့စဉ်အလုပ်တွင်

***Hitachi ၏ ဉာဏပစ္စည်းကို ကာကွယ်ပါ။*** ကျွန်ုပ်တို့၏လုပ်ငန်းအတွက် ဉာဏပစ္စည်းကို အသုံးမပြုမီ သို့မဟုတ် Hitachi ပြင်ပတွင် လျှို့ဝှက်အချက်အလက်များကို ထုတ်ဖော်ခြင်းမပြုမီ မှတ်ပုံတင်ခြင်းအတွက် လျှောက်လွှာတင်ခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းမပြုရေး သဘောတူညီချက် စာချုပ်ချုပ်ဆိုခြင်းကဲ့သို့သော သင့်လျော်သော အကာအကွယ်များကို သေချာလုပ်ဆောင်ပါ။

***ပြင်ပ အဖွဲ့အစည်းများ၏ ဉာဏပစ္စည်းကို အလေးထားပါ။*** အခြားသူများ၏ ဉာဏပစ္စည်းကို အလေးထားပြီး ဉာဏပစ္စည်း ပိုင်ဆိုင်သူထံမှ အသုံးပြုခွင့်ရရှိမှသာ ၎င်းကို ကျွန်ုပ်တို့အသုံးပြုကြောင်း သေချာပါစေ။

# အများသိရန်မဟုတ်သော အချက်အလက်များကိုကာကွယ်ပါ

**Hitachi** နှင့် ၎င်း၏ဝန်ထမ်းများသည် အချက်အလက်များကို တိုက်ခိုက်မှုများ၊ ထုတ်ဖော်ခြင်း သို့မဟုတ် အလွဲသုံးစားလုပ်ခြင်းမှ ကာကွယ်ပေးကာ ဂရုတစိုက်ကိုင်တွယ်သည်။

## အများသိရန်မဟုတ်သော အချက်အလက်အကြောင်းအရာများ

*ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာလက်မှတ်များကို ဝယ်ရန် သို့မဟုတ် ရောင်းချရန် ရင်းနှီးမြှုပ်နှံသူတစ်ဦး၏ ဆုံးဖြတ်ချက်အပေါ် သက်ရောက်မှုရှိမည့် အချက်အလက်။ ဥပမာများတွင် Hitachi ၏လုပ်ငန်းဝယ်ယူမှု သို့မဟုတ် ရောင်းချမှု အစီအစဉ်များ၊ ပြိုင်ဆိုင်မှုတွင် အားသာနိုင်သော အချက်အလက်စုဆောင်းရေး၊ ဘဏ္ဍာရေးအချက်အလက်များ၊ ရေရှည်မဟာဗျူဟာများနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အချက်အလက်များ ပါဝင်သည်။*

## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏ အများသိရန်မဟုတ်သော အချက်အလက်များကို ကာကွယ်ပြီး လုံခြုံစွာထားရှိရန် ကတိပြုပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းမိတ်ဖက်များနှင့် ဖောက်သည်များ၏ လျှို့ဝှက် သို့မဟုတ် ကိုယ်ပိုင်လုပ်ငန်းဆိုင်ရာ အချက်အလက်များကို မထုတ်ဖော်ခြင်းဖြင့်လည်း ၎င်းတို့ကို လေးစားမှုပေးပါသည်။

## သင်၏နေ့စဉ်အလုပ်တွင်

***သင်လိုအပ်သော အချက်အလက်များကိုသာ ဝင်ရောက်ကြည့်ရှုပါ။*** သင့်တွင် ထိုသို့လုပ်ဆောင်ရန် အခွင့်မရှိပါက အချက်အလက်များကို မည်သည့်အခါမျှ ဝင်ရောက်ကြည့်ရှုခြင်း မပြုဘဲ အချက်အလက်များကို မျှဝေသိမ်းဆည်းသည့်အခါ Hitachi မှ ခွင့်ပြုထားသော ကိရိယာများကို အသုံးပြုပါ။

***သင်၏ Hitachi အသုံးပြုသူအကောင့်အချက်အလက်နှင့် စကားဝှက်များကို ကာကွယ်ပါ။*** ဤအချက်အလက်ကို မည်သူနှင့်မျှ လုံးဝမမျှဝေပါနှင့်။ IT မူဝါဒများကို လိုက်နာပါ။

***စိတ်ချရသော အီးမေးလ် လုံခြုံရေး အလေ့အထများကို အသုံးပြုပါ။*** အီးမေးလ်များကို ဂရုတစိုက်စစ်ဆေးပြီး သံသယဖြစ်ဖွယ်အီးမေးလ်များကို IT အချက်အလက်လုံခြုံရေးအဖွဲ့ထံ ချက်ချင်းသတင်းပို့ပါ။ မရင်းနှီးသော လင့်ခ်များကို နှိပ်ခြင်း သို့မဟုတ် ပုံမှန်မဟုတ်သော တောင်းဆိုမှုများကို တုံ့ပြန်ခြင်းကို မည်သည့်အခါမျှမပြုပါနှင့်။ ကိုယ်ပိုင်အကောင့်များအတွက် Hitachi စကားဝှက်များကို မသုံးပါနှင့်။

# တာဝန်ခံမှုရှိကြောင်း ပြသပါ

လုပ်ငန်းမိတ်ဖက်များကို ဂရုတစိုက်ရွေးချယ်ပါ


အကျိုးစီးပွား ပဋိပက္ခများကို ခွဲခြားရွေးထုတ်၍ ကိုင်တွယ်ဖြေရှင်းပါ

တိကျသောဘဏ္ဍာရေးမှတ်တမ်းများကို ထိန်းသိမ်းပါ

ငွေကြေးခဝါချမှုကို ကာကွယ်တားဆီးပါ

လက်ဆောင်များ ပေးကမ်းခြင်း၊ ရယူခြင်း၊ ခရီးသွားခြင်းနှင့် ဖျော်ဖြေရေးတို့ကို တာဝန်သိစွာ ဆောင်ရွက်ပါ

လျှို့ဝှက်လုပ်ငန်းအချက်အလက်နှင့် ကိုယ်ရေးအချက်အလက်များကို ကာကွယ်ပါ



## လုပ်ငန်းမိတ်ဖက်များကို ဂရုတစိုက် ရွေးချယ်ပါ

Hitachi သည် စီးပွားရေးလုပ်ငန်းကို ကျင့်ဝတ်နှင့်ညီစွာ တရားဝင် လုပ်ဆောင်ရန် ကတိပြုထားပြီး အမြင့်ဆုံး ဂုဏ်သိက္ခာနှင့် အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ လုပ်ကိုင်နေသော လုပ်ငန်းမိတ်ဖက်များနှင့် လက်တွဲလုပ်ဆောင်ရန် ကြိုးစားနေပါသည်။

### ကျွန်ုပ်တို့၏ ကတိကဝတ်

လုပ်ငန်းမိတ်ဖက်တစ်ဦးနှင့် လုပ်ငန်းစတင်မလုပ်ကိုင်မီ Hitachi သည် အလားအလာရှိသော လုပ်ငန်းမိတ်ဖက်များအတွက် အန္တရာယ်အခြေခံသော စိစစ်ခြင်း သို့မဟုတ် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ကြိုတင်စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ပြီးမြောက်အောင် ဆောင်ရွက်ပါသည်။ Hitachi နှင့် ရေရှည်ဆက်ဆံရေးရှိသည့် လုပ်ငန်းမိတ်ဖက်များအတွက် ဤလုပ်ငန်းစဉ်ကို ကျွန်ုပ်တို့ ပုံမှန်ပြန်လုပ်ပါသည်။

## သင်၏နေ့စဉ်အလုပ်တွင်

***စဉ်းစားဉာဏ်ရှိစွာရွေးချယ်ပါ။*** အကယ်၍ သင်သည် လုပ်ငန်းမိတ်ဖက်များအတွက် တာဝန်ရှိပါက၊ သင်၏ စည်းကမ်းလိုက်နာရေး သို့မဟုတ် ဝယ်ယူရေးအဖွဲ့ကို ကြိုတင်စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် ပါဝင်ကူညီခိုင်းပါ။ ဤစိစစ်ခြင်းလုပ်ငန်းစဉ်သည် လုပ်ငန်းမိတ်ဖက်တစ်ဦး၏ အလားအလာရှိသော အန္တရာယ်နှင့် စွမ်းဆောင်ရည်များ၊ အတွေ့အကြုံ၊ ဘဏ္ဍာရေးအခြေအနေ၊ စျေးနှုန်း၊ အရည်အသွေးနှင့် ဂုဏ်သတင်းကို ဖော်ထုတ်ပေးပါသည်။

***သင့်စိုးရိမ်မှုများကို ချက်ချင်းပြောပါ။*** အကယ်၍ သင်သည် လုပ်ငန်းမိတ်ဖက်များနှင့် အလုပ်လုပ်ပါက ဥပဒေများကို လိုက်နာရန်နှင့် ကျွန်ုပ်တို့၏ ရည်မှန်းချက်၊ စံတန်ဖိုးများနှင့် မျှော်မှန်းချက်တို့နှင့် ကိုက်ညီရန် အရေးကြီးမှုကို ၎င်းတို့နားလည်ကြောင်း အတည်ပြုပါ။ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်ကြောင်း သေချာစေရန် ၎င်းတို့၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်ပါ။ အထူးသဖြင့် လုပ်ငန်းမိတ်ဖက်သည် အန္တရာယ်များသောနိုင်ငံ၌ရှိလျှင် သင့်လုပ်ငန်း မိတ်ဖက်၏ ဘဏ္ဍာရေး၊ တရားဥပဒေ သို့မဟုတ် ဂုဏ်သိက္ခာဆိုင်ရာ အခြေအနေကို ဖတ်ရှုပြီး လက်ရှိအခြေအနေကို သိရှိအောင်လုပ်ပါ။ အကယ်၍ သင်သည် Hitachi ကို အန္တရာယ်ဖြစ်စေနိုင်သည့် အချက်အလက်များကို သိရှိပါက သို့မဟုတ် လုပ်ဆောင်ချက်ကို သံသယရှိပါက သင်၏စိုးရိမ်မှုများကို ချက်ချင်းပြောဆိုပါ။

# အကျိုးစီးပွား ပဋိပက္ခများကို ခွဲခြား ရွေးထုတ်၍ ကိုင်တွယ်ဖြေရှင်းပါ

**Hitachi** ၏ဝန်ထမ်းများသည် အလုပ်ပြင်ပတွင် အကျိုးစီးပွားနှင့် ဆက်ဆံရေးများရှိသော်လည်း **Hitachi** ၏ အကောင်းဆုံးအကျိုးအတွက် လုပ်ဆောင်သည်။

### အကျိုးစီးပွားပဋိပက္ခ

*လူတစ်ဦးသည်Hitachi အတွက် တာဝန်များထက် ကိုယ်ကျိုးကို ဦးစားပေးရွေးချယ်သည့်အခါ သို့မဟုတ် ကိုယ်ကျိုးအတွက် ၎င်းတို့၏ရာထူးကို ပုဂ္ဂိုလ်ရေးအရ အသုံးပြုသည့်အခါ။ ပဋိပက္ခဖြစ်ပေါ်ခြင်းက Hitachi ၏ဂုဏ်သတင်းကို ထိခိုက်စေနိုင်သည်။*

ဝ ဝ ဝ

## ကျွန်ုပ်တို့၏ ကတိကဝတ်

Hitachi ဝန်ထမ်းများအနေဖြင့် ကျွန်ုပ်တို့ ပြုလုပ်သော လုပ်ငန်းဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့၏အကျိုးစီးပွားများကြောင့် ထိခိုက်ခွင့်မပြုပါ။ ကျွန်ုပ်တို့၏ ပြင်ပလုပ်ဆောင်ချက်များက Hitachi ဝန်ထမ်းတစ်ဦးအနေဖြင့် ကျွန်ုပ်တို့၏တာဝန်ဝတ္တရားများနှင့် ပဋိပက္ခဖြစ်သည့်အခါ သို့မဟုတ် ပဋိပက္ခဖြစ်ပုံပေါ်သည့်အခါ ကျွန်ုပ်တို့သည် အကျိုးစီးပွားပဋိပက္ခဟု ယူဆနိုင်သည့် အခြေအနေများကို ထုတ်ဖော်ပြောဆိုပါသည်။

## သင်၏နေ့စဉ်အလုပ်တွင်

***အကျိုးစီးပွားပဋိပက္ခကို ထုတ်ဖော်ပြောဆိုပါ။*** အမှန်တကယ်ဖြစ်သော၊ ဖြစ်နိုင်ခြေရှိသော သို့မဟုတ် သတိပြုမိသော အကျိုးစီးပွား ပဋိပက္ခကို သင်သိရှိသည်နှင့်ချက်ချင်း သင့်မန်နေဂျာထံ ထုတ်ဖော်ပြောဆိုပါ။ သက်သာလျော့ပါးရေး အစီအစဉ်ကို သဘောတူပြီး အစီအစဉ်ကို လိုက်နာပါ။

***အကြံဉာဏ်ရယူပါ။*** သံသယရှိပါက လမ်းညွှန်မှုရယူရန်အတွက် စည်းကမ်းလိုက်နာရေး သို့မဟုတ် ဥပဒေရေးရာအဖွဲ့ထံမှ အကြံဉာဏ်ရယူပါ။

## ဤသည်မှာ ပဋိပက္ခတစ်ခုလား။

### သင့်ကိုယ်သင် မေးပါ-

ကျွန်ုပ်၏ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားများ သို့မဟုတ် ဆက်ဆံရေးများသည် ကျွန်ုပ်ပြုလုပ်သောဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးနိုင်ပါသလား။

↓

အကယ်၍ **ဟုတ်လျှင်**၊ အကျိုးစီးပွား ပဋိပက္ခဖြစ်နိုင်ခြေများပါသည်။

↓

*မသေချာသည့်အခါ လမ်းညွှန်ချက်ရယူပါ။*

အခြားသူတစ်ယောက်အတွက် အဆိုပါပုံစံမျိုးဖြစ်ပုံရလား။

↓

အကယ်၍ **ဟုတ်လျှင်**၊ အကျိုးစီးပွား ပဋိပက္ခဖြစ်နိုင်ခြေများပါသည်။

↓

*မသေချာသည့်အခါ လမ်းညွှန်ချက်ရယူပါ။*

# တိကျသောဘဏ္ဍာရေးမှတ်တမ်းများကို ထိန်းသိမ်းပါ

**Hitachi** သည် ကျွန်ုပ်တို့၏ လုပ်ငန်း၏ ရိုးသားပြီး တိကျသော ဘဏ္ဍာရေးပုံရိပ်ကို ပြသပါသည်။



○ ○ ○

## *ကျွန်ုပ်တို့၏ ကတိကဝတ်*

Hitachi သည် ကျွန်ုပ်တို့၏ ဥပဒေနှင့် စည်းမျဉ်းသတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ရှယ်ယာရှင်တန်ဖိုးကို ကာကွယ်ရန် တိကျသော မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းတို့ကို လုပ်ဆောင်ရန် ကတိပြုထားပါသည်။

## သင်၏နေ့စဉ်အလုပ်တွင်

***ငွေအဝင်အထွက်များကိုစနစ်တကျ မှတ်တမ်းတင်ပါ။*** မည်သည့်ငွေကြေးလွှဲပြောင်းမှု၏သဘောသဘာဝကိုမျှ ပြောင်းလဲခြင်း၊ ဖုံးကွယ်ခြင်း၊ မှားယွင်းသောထုတ်ပြန်ချက်များနှင့် ထည့်သွင်းမှုများပြုလုပ်ခြင်း သို့မဟုတ် ချန်လှပ်ခြင်း မည်သည့်အခါမျှ မပြုပါနှင့်။ တန်ဖိုးမည်မျှပင်ရှိစေကာမူ ကျိုးကြောင်းဆီလျော်သောအသေးစိတ်အချက်အလက်များဖြင့် စစ်မှန်၍မျှတသောတန်ဖိုးကို ဖော်ပြရန် ငွေအဝင်အထွက်အားလုံးကို မှတ်တမ်းတင်ပါ။ သင့်လျော်သော စာရင်းအင်းကာလနှင့် သင့်လျော်သော အကောင့်နှင့် ဌာနတွင် ငွေအဝင်အထွက်များကို မှတ်တမ်းတင်ပြီး အမျိုးအစားခွဲပါ။ လျှို့ဝှက်ဘဏ္ဍာရေးအကောင့်များ မထားရှိပါနှင့် သို့မဟုတ် မှတ်တမ်းမတင်ထားသော ငွေကြေးများကို မသိမ်းဆည်းပါနှင့်။

***မှတ်တမ်းများကို စနစ်တကျ စီမံခန့်ခွဲပါ။*** စာရွက်စာတမ်းများကို စွန့်ပစ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သိမ်းဆည်းခြင်းဆိုင်ရာ မူဝါဒများကို လိုက်နာပါ။ စာရင်းစစ်၊ စုံစမ်းစစ်ဆေးမှု သို့မဟုတ် တရားစွဲဆိုမှုအတွက် လိုအပ်သော အချက်အလက်များကို မည်သည့်အခါမျှ မဖျက်ဆီးပါနှင့်။ တရားဝင်ထိန်းသိမ်းထားရန် သတိပေးချက်ကို လက်ခံရရှိပါက အသိပေးချက်ပါ လမ်းညွှန်ချက်များကို လိုက်နာပါ။ လိုအပ်သည်များကို မသေချာပါက ဥပဒေရေးရာအဖွဲ့နှင့် စာရွက်စာတမ်းထိန်းသိမ်းမှုမူဝါဒများကို စစ်ဆေးအတည်ပြုပါ။

***ဖွင့်ဟပြောဆိုပါ။*** တစ်စုံတစ်ယောက်က သင့်အား ဘဏ္ဍာရေး မှတ်တမ်းကို အတုပြုလုပ်ရန် တောင်းဆိုပါက သို့မဟုတ် စာရင်းအင်း ဆောင်ရွက်ချက်များကို မှားယွင်းညံ့ဖျင်းစွာ စီမံခန့်ခွဲနေသည်ဟု သင်သံသယရှိပါက ဖွင့်ဟပြောဆိုမှု ချန်နယ်များထဲမှ တစ်ခုကို အသုံးပြုပါ။ ထို့အပြင် သင်သည် ကျွန်ုပ်တို့၏ငွေများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်း သို့မဟုတ် ကျွန်ုပ်တို့၏ ဖောက်သည်များ သို့မဟုတ် လုပ်ငန်းမိတ်ဖက်များကို အလွဲသုံးစားလုပ်သည်ဟု သံသယရှိပါက ဖွင့်ဟပြောဆိုမှု ချန်နယ်များထဲမှ တစ်ခုကို ဆက်သွယ်ပါ။

# ငွေကြေးခဝါချမှုကို ကာကွယ်တားဆီးပါ

**Hitachi** သည် ရာဇဝတ်မှုမှ အမြတ်ငွေများကို ခဝါချရန် ကျွန်ုပ်တို့၏ ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများ သို့မဟုတ် ငွေအဝင်အထွက်များကို အသုံးပြုခြင်းမှ တားမြစ်ထားသည်။

## ငွေကြေးခဝါချမှု

*ဤတရားမဝင်လုပ်ငန်းစဉ်သည် မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လိမ်လည်မှု၊ လူကုန်ကူးမှု၊ အခွန်ရှောင်မှု သို့မဟုတ် အကြမ်းဖက်ခြင်းကဲ့သို့သော ရာဇဝတ်မှုဆိုင်ရာ လုပ်ဆောင်ချက်မှတစ်ဆင့် ရရှိထားသော ငွေများကို ဖုံးကွယ်ပေးသည်။ ၎င်းက ပုံမှန်အားဖြင့် တရားဝင်စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ရရှိသော အမြတ်ငွေများကို လွှဲပြောင်းပေးခြင်းအားဖြင့် ထိုငွေများသည် တရားဝင်ဖြစ်သည်ဟု ထင်မြင်စေသည်။ ၎င်းတွင် ရာဇဝတ်မှု သို့မဟုတ် အကြမ်းဖက်ခြင်းကို ပံ့ပိုးရန်အတွက် တရားဝင်ငွေများကို အသုံးပြုခြင်းလည်း ပါဝင်သည်။*

## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့သည် တရားဝင်စီးပွားရေးလုပ်ငန်းများတွင်ပါဝင်သည့် ဖောက်သည်များနှင့် လုပ်ငန်းမိတ်ဖက်များနှင့် တရားဝင်သောရင်းမြစ်များမှ ငွေကြေးများဖြင့်သာ လုပ်ငန်းဆောင်ရွက်သွားရန် ကတိပြုပါသည်။ ကျွန်ုပ်တို့ လုပ်ငန်းလုပ်ဆောင်နေသည့် နိုင်ငံတိုင်းတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေများကို ကျွန်ုပ်တို့ လိုက်နာပါသည်။

## သင်၏နေ့စဉ်အလုပ်တွင်

***အသိအမြင် ရှိပါစေ။*** ကျင့်ဝတ်စည်းကမ်း နှင့် Hitachi ၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ဖတ်ရှုပြီး လက်ရှိအခြေအနေကိုသိအောင်လုပ်ပါ။ သင်၏ မဖြစ်မနေတကျရောက်ရမည့် ကျင့်ဝတ်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်သင်တန်းကို ဆောလျင်စွာ ပြီးမြောက်အောင် လုပ်ဆောင်ပါ။

***ကြိုတင်စုံစမ်းစစ်ဆေးပါ။*** အလားအလာရှိသော လုပ်ငန်းမိတ်ဖက်များက တရားဝင်စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ဆောင်ရွက်ကြောင်းသေချာစေရန် ၎င်းတို့ကို စိစစ်ပါ။

***ဥပဒေများနှင့် စည်းမျဉ်းများကို သိရှိပါ။*** ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေနှင့် စည်းမျဉ်းများကို လိုက်နာပါ။ သင့်တွင် မေးစရာများရှိပါက သို့မဟုတ် အကူအညီလိုအပ်ပါက စည်းကမ်းလိုက်နာရေး သို့မဟုတ် ဥပဒေရေးရာအဖွဲ့ဝင်တစ်ဦးနှင့် တိုင်ပင်ပါ။

***ဖွင့်ဟပြောဆိုပါ။*** သံသယဖြစ်ဖွယ်တစ်ခုခုကို သင်ကြုံတွေ့ရပါက သင့်မန်နေဂျာ သို့မဟုတ် စည်းကမ်းလိုက်နာရေး သို့မဟုတ် ဥပဒေရေးရာ အဖွဲ့ဝင်တစ်ဦးနှင့် တိုင်ပင်ပါ။

***သတိရှိပါ။*** ငွေကြေးခဝါချမှု လုပ်ရပ်များ ပိုမိုဖြစ်ပွားနိုင်ခြေရှိ၍ တိုးမြှင့်စောင့်ကြည့်ရန်လိုသော လုပ်ဆောင်ချက်များနှင့် ငွေအဝင်အထွက်များကို စောင့်ကြည့်ပါ။

***ရပ်တည်ပြောဆိုပါ။*** ငွေကြေးခဝါချမှုကို တားဆီးခြင်းဖြင့် သင်သည် Hitachi ကို ကာကွယ်ပေးပြီး ရာဇဝတ်မှုတစ်ခုကို တားဆီးနေကြောင်း သတိရပါ။

# လက်ဆောင်များ ပေးကမ်းခြင်း၊ ရယူခြင်း၊ ခရီးသွားခြင်းနှင့် ဖျော်ဖြေရေးတို့ကို တာဝန်သိစွာ ဆောင်ရွက်ပါ

Hitachi ဝန်ထမ်းများသည် လက်ဆောင်များ ပေးကမ်းခြင်း၊ ရယူခြင်း၊ ခရီးသွားခြင်းနှင့် ဖျော်ဖြေရေးတို့ကို လုပ်ဆောင်ပေးခြင်း၊ လက်ခံခြင်း ပြုလုပ်သည့်အခါ တာဝန်သိစွာ လုပ်ဆောင်သည်။

## လက်ဆောင်များ၊ ခရီးသွားခြင်းနှင့် ဖျော်ဖြေရေး လမ်းညွှန်များ

*လက်ဆောင်များ၊ ခရီးသွားခြင်း သို့မဟုတ် ဖျော်ဖြေရေးအစီအစဉ်များကို လက်ခံသည့်အခါ သင့်တော်သည့် ဆုံးဖြတ်ချက်ချ၍ လက်ခံသူ၏ ကိုယ်ပိုင်လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်မူဝါဒများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို လေးစားပါ။*

## လက်ဆောင်များ၊ ခရီးသွားခြင်း သို့မဟုတ် ဖျော်ဖြေရေးအစီအစဉ်များကို လက်ခံသည့်အခါ-

- လုပ်ငန်းရည်ရွယ်ချက်ကိုကြိုတင်သိရှိပါ။
- လုပ်ငန်းနှင့်သက်ဆိုင်သည့် နှစ်ဖက်စလုံးရှိရမည်။
- လေလံဆွဲခြင်းလုပ်ငန်းစဉ်အတွင်း လက်ဆောင်များနှင့် ဖျော်ဖြေမှုများကို လက်ခံခြင်းမှ ရှောင်ကြဉ်ပါ။
- ခရီးသွားခြင်းနှင့် တည်းခိုခန်း၊ ထိပ်တန်းအားကစားပွဲများကဲ့သို့သော အနည်းငယ်သော တန်ဖိုးထက်များသည့် တန်ဖိုးကြီးလက်ဆောင်များ သို့မဟုတ် ဖျော်ဖြေမှုများကို လက်မခံပါနှင့်။
- လုပ်ငန်းဆောင်ရွက်ရန်အတွက် သင့်လျော်သောနေရာတွင် ဖျော်ဖြေရေးပွဲများကို တက်ရောက်ပါ။

## လက်ဆောင်များ သို့မဟုတ် ဖျော်ဖြေမှုပေးသည့်အခါ-

- လက်ဆောင် သို့မဟုတ် ဖျော်ဖြေရေး၏တန်ဖိုး အလွန်အကျွံများနေလျှင် သင့်မန်နေဂျာနှင့် စကားပြောပါ။
- ပွဲသည် လုပ်ငန်းဆောင်ရွက်ရန်အတွက် သင့်လျော်သောအခြေအနေတွင်ရှိကြောင်း သေချာပါစေ။
- ဖျော်ဖြေရေးကုန်ကျစရိတ်များကို မှတ်တမ်းတင်ရန်အတွက် တိကျစွာတင်ပြပါ။

○ ○ ○

## ကျွန်ုပ်တို့၏ ကတိကဝတ်

Hitachi သည် ကျွန်ုပ်တို့၏ လုပ်ငန်းမိတ်ဖက်များနှင့် ဖောက်သည်များနှင့် ဆက်ဆံရေးကို တန်ဖိုးထားပါသည်။ ကျွန်ုပ်တို့သည် တရားဝင် လုပ်ငန်းရည်ရွယ်ချက်ကို ပံ့ပိုးပေးကာ အခြေအနေအရ ကျိုးကြောင်းဆီလျော်ပြီး သင့်လျော်သည့်အခါတွင် လုပ်ငန်းဆိုင်ရာလောကဝတ်များ—လက်ဆောင်များ၊ ခရီးသွားခြင်း သို့မဟုတ် ဖျော်ဖြေရေးတို့ကို စီစဉ်ပေးပါသည်။

လုပ်ငန်းဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးမှုလွှန်ကဲစေနိုင်သော သို့မဟုတ် ဒေသန္တရဥပဒေနှင့်ဆန့်ကျင်သော လက်ဆောင်များ၊ ခရီးသွားခြင်း သို့မဟုတ် ဖျော်ဖြေရေးများကို ကျွန်ုပ်တို့ မကမ်းလှမ်းပါ။ အလားတူ လက်ဆောင်ပေးသူသည် အရေးပေးသော ဆက်ဆံရေးကို မျှော်လင့်ခြင်း သို့မဟုတ် လုပ်ငန်းဆုံးဖြတ်ချက်အပေါ် မလျော်မကန် လွှမ်းမိုးမှုရှိပါက လက်ဆောင်များ၊ ခရီးသွားခြင်းနှင့် ဖျော်ဖြေရေးများကို ကျွန်ုပ်တို့ လက်မခံပါ။



○ ○ ○

# သင်၏နေ့စဉ်အလုပ်တွင်

***"ဟင့်အင်း" ဟု ငြင်းရမည့်အချိန်ကို သိပါ။*** ကျွန်ုပ်တို့၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို မလိုက်နာသော လက်ဆောင်များ၊ ခရီးသွားခြင်း သို့မဟုတ် ဖျော်ဖြေရေး ကမ်းလှမ်းချက်များသည် အကျိုးစီးပွားပဋိပက္ခများကို ဖန်တီးနိုင်သည်။ မည်သည့်အရာကို ခွင့်ပြုထားသည်နှင့် မည်သည့်အရာကို ခွင့်မပြုထားသည်ကို သိပြီး ကျွန်ုပ်တို့၏ မူဝါဒများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်သည့် ကမ်းလှမ်းချက်များ သို့မဟုတ် တစ်စုံတစ်ဦးက မူဝါဒ ချိုးဖောက်သည်ဟု ထင်မြင်နိုင်စေမည့် ကမ်းလှမ်းချက်များကို ငြင်းပယ်ပါ။

***လုပ်ငန်းမိတ်ဖက်အသစ်များအား လက်ဆောင်များ၊ ခရီးသွားခြင်းနှင့် ဖျော်ဖြေရေးဆိုင်ရာ ကျွန်ုပ်တို့၏ လုပ်ထုံးလုပ်နည်းကို ရှင်းပြပါ။*** လက်ဆောင်များ အပြန်အလှန်ပေးခြင်း၊ အစားအစာများဧည့်ခံကျွေးမွေးခြင်း၊ ဖျော်ဖြေရေးနှင့် ဧည့်ဝတ်ကျေပွန်မှုသည် ဖောက်သည်များနှင့် လုပ်ငန်းမိတ်ဖက်များနှင့် ပိုမိုကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်ရန် ကူညီပေးပါသည်။ လက်ဆောင်များနှင့် ဖျော်ဖြေရေးဆိုင်ရာ ဒေသ ဓလေ့ထုံးတမ်းများ ကွဲပြားသော်လည်း လက်ဆောင်ကို လက်ခံခြင်းသည် သင်၏ ဆုံးဖြတ်ချက်ချခြင်းတွင် ဖိအားဖြစ်စေမည်ဆိုပါက ဖိအားဖြစ်စေပုံပေါ်ပါက သို့မဟုတ် လွှမ်းမိုးပုံပေါ်ပါက လက်ဆောင်ကို လက်မခံပါနှင့်။ ကျွန်ုပ်တို့၏ လုပ်ထုံးလုပ်နည်းကို ရှင်းပြရန် အချိန်ကောင်းမှာ အားလပ်ရက်များ သို့မဟုတ် လူမှုရေးအရ လက်ဆောင်များပေးသည့် ဓလေ့ထုံးစံဖြစ်သည့် ကာလများမတိုင်မီ ရက်သတ္တပတ်အနည်းငယ်အလိုဖြစ်သည်။

# လျှို့ဝှက်လုပ်ငန်းအချက်အလက်နှင့် ကိုယ်ရေးအချက်အလက်များကို ကာကွယ်ပါ

**Hitachi** သည် လျှို့ဝှက်လုပ်ငန်း အချက်အလက်များကို တာဝန်သိစွာ ကိုင်တွယ်ရန် ကတိပြုပါသည်။



ဝ ဝ ဝ

## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့သည် Hitachi ၏လျှို့ဝှက်လုပ်ငန်းအချက်အလက်ကိုကာကွယ်ပြီး အချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ ရယူခြင်းနှင့် ထုတ်ဖော်ခြင်းမှ ကာကွယ်ရန် ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်သည်။ ကျွန်ုပ်တို့သည် Hitachi ၏ဖောက်သည်များနှင့် လုပ်ငန်းမိတ်ဖက်များ၏ လျှို့ဝှက် လုပ်ငန်းအချက်အလက်များကိုလည်း ကာကွယ်ပေးပါသည်။

## သင်၏နေ့စဉ်အလုပ်တွင်

***လုပ်ငန်းများ၏ သင့်အပေါ်ထားရှိသော ယုံကြည်မှုကို အလေးထားပါ။*** လျှို့ဝှက်လုပ်ငန်းအချက်အလက်များကို ကိုင်တွယ်သည့်အခါ၊ ထိုပုဂ္ဂိုလ်နှင့် Hitachi တို့ အတွက် ၎င်း အရေးပါမှုကို သင်နားလည်ပြီး အလေးထားကြောင်းပြသပါ။

***အချက်အလက်ကို သင်မည်ကဲ့သို့အသုံးပြုနေပုံကို လူများအား ပြောပြပါ။*** လျှို့ဝှက် လုပ်ငန်းအချက်အလက်များကို သင်မည်ကဲ့သို့အသုံးပြုမည်နှင့် ပတ်သက်၍ ရိုးသားပြီး ပွင့်လင်းမြင်သာမှုရှိပါ။

***အချက်အလက်ကိုကာကွယ်ပါ။*** လုပ်ငန်းအချက်အလက်ကို ခွင့်ပြုချက်မရှိဘဲ ရယူခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းမှ ကာကွယ်ပေးပါ။ ခွင့်ပြုချက်မရှိဘဲ ရယူခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းဟု သိရှိထားသည့် သို့မဟုတ် သံသယဖြစ်ဖွယ် ကိစ္စတစ်ခုခုကို ဒေတာကာကွယ်ရေး၊ ဥပဒေရေးရာ သို့မဟုတ် စည်းကမ်းလိုက်နာရေး အဖွဲ့ဝင်တစ်ဦးထံ အမြန်ဆုံး သတင်းပို့ပါ။

***ဒေတာကာကွယ်ရေးဥပဒေများနှင့် ကျွန်ုပ်တို့၏မူဝါဒများကို လိုက်နာပါ။*** ကျွန်ုပ်တို့၏ ဒေတာမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် သင့်အတွက် သက်ဆိုင်သည့် ဥပဒေများကို လေ့လာပြီး ဒေတာကို ကိုင်တွယ်သည့်အခါ ၎င်းတို့ကို လိုက်နာပါ။

***လမ်းညွှန်ချက်ရယူပါ။*** ဒေတာကာကွယ်မှုဆိုင်ရာ မေးစရာများရှိပါက၊ ဒေတာကာကွယ်ရေး၊ ဥပဒေရေးရာ သို့မဟုတ် စည်းကမ်းလိုက်နာရေး အဖွဲ့ဝင်ထံ ဆက်သွယ်ပါ။

# အခြားသူများနှင့် မျှတစွာဆက်ဆံပါ

ဖောက်သည်များနှင့် ယုံကြည်မှုတည်ဆောက်ပါ

ဝယ်ယူရေးမိတ်ဖက်များနှင့် ဆက်ဆံရေးကို မြှင့်တင်ပါ

မျှတစွာ ယှဉ်ပြိုင်ပါ

ကုန်သွယ်မှု စည်းကမ်းလိုက်နာရေး ဥပဒေများကို လိုက်နာပါ

လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုတို့ကို တားဆီးပါ

တာဝန်သိစွာ ပြောဆိုဆက်ဆံပါ

အစုရှယ်ယာလက်မှတ်များကို တရားမျှတ၍ တရားဥပဒေနှင့်ညီစွာ ရောင်းဝယ်ပါ



○ ○ ○

## ဖောက်သည်များနှင့် ယုံကြည်မှု တည်ဆောက်ပါ

Hitachi သည် ကျွန်ုပ်တို့၏ဖောက်သည်များနှင့် အပြန်အလှန်ဆက်ဆံရေးတွင် အမြင့်ဆုံးတန်ဖိုးကို သတ်မှတ်ပေးထားပြီး ကြာရှည်ခိုင်မြဲပြီး အကျိုးရှိသော ဖောက်သည်ဆက်ဆံရေးသည် ကျွန်ုပ်တို့၏တန်ဖိုးအထားဆုံး ပိုင်ဆိုင်မှုများထဲမှတစ်ခုဖြစ်ကြောင်း လက်ခံထားပါသည်။

### ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဖောက်သည်များ၏ လိုအပ်ချက်များနှင့် သတ်မှတ်ချက်များနှင့် ကိုက်ညီသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးပါသည်။ အရည်အသွေးကောင်းမွန်ပြီး ဘေးကင်းမှုရှိကြောင်း သေချာစေရန် ကျွန်ုပ်တို့သည် သက်ဆိုင်ရာဥပဒေများ၊ စံချိန်စံညွှန်းများနှင့် အရည်အသွေးနှင့် ပတ်သက်၍ ဖောက်သည်များနှင့် ချုပ်ဆိုထားသော စာချုပ်များ၏ သတ်မှတ်ချက်များကို လိုက်နာပြီး လိုအပ်ပါက ထပ်ဆောင်းစံနှုန်းများကို သတ်မှတ်ပေးပါသည်။

## သင်၏နေ့စဉ်အလုပ်တွင်

***ကျွန်ုပ်တို့၏ဖောက်သည်များကို ဝန်ဆောင်မှုပေးပါ။*** ကျွန်ုပ်တို့ဖောက်သည်များ၏ လိုအပ်ချက်များနှင့် သတ်မှတ်ချက်များနှင့် ကိုက်ညီသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို တီထွင်၊ ထုတ်လုပ် သို့မဟုတ် ပံ့ပိုးပါ။ ဖောက်သည် စာချုပ်များ၊ သက်ဆိုင်ရာ ဥပဒေများနှင့် စံချိန်စံညွှန်းများကို လိုက်နာပါ၊ အရည်အသွေးကောင်းမွန်ပြီး ဘေးကင်းကြောင်း သေချာစေပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားပါ။

***ဖောက်သည်များနှင့် ဆက်သွယ်ပြောဆိုပါ။*** ပြိုင်ဘက်ထုတ်ကုန်များနှင့် မျှတစွာ နှိုင်းယှဉ်မှုများ ပြုလုပ်ပြီး ကျင့်ဝတ်နှင့်အညီ တရားဝင် ပံ့ပိုးပေးနိုင်သည်များကို ကတိပြုခြင်းဖြင့် ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို တိကျစွာ ကိုယ်စားပြုပါ။ ဖောက်သည်များ၏ တိုင်ကြားချက်များ သို့မဟုတ် ချွတ်ယွင်းချက်များကို လျင်မြန်စွာ ဖြေရှင်းပြီး အနာဂတ်တွင် ၎င်းတို့ကို ဖယ်ရှားပစ်ရန် အကြောင်းရင်းများကို ဖော်ထုတ်ပါ။

***စမ်းသပ်မှုနှင့် စစ်ဆေးခြင်းများကို စနစ်တကျ မှတ်တမ်းတင်ပါ။*** စမ်းသပ်ခြင်းနှင့် စစ်ဆေးခြင်း၏ စစ်မှန်သော သဘောသဘာဝကို ပြောင်းလဲခြင်း၊ ဖုံးကွယ်ခြင်း၊ မမှန်မကန် ပြောဆိုချက်များနှင့် ထည့်သွင်းမှုများ ပြုလုပ်ခြင်း သို့မဟုတ် ချန်လှပ်ခြင်းများ မည်သည့်အခါမှ မပြုရ။

***လမ်းညွှန်ချက်ရယူပါ။*** ဖောက်သည်နှင့် အပြန်အလှန်ဆက်ဆံမှုများနှင့်ဆက်စပ်၍ အရည်အသွေးနှင့် ဘေးကင်းရေးဆိုင်ရာ မေးစရာများရှိပါက၊ အရည်အသွေးအာမခံမှု၊ ဥပဒေရေးရာ သို့မဟုတ် ကျင့်ဝတ်နှင့် စည်းကမ်းလိုက်နာရေး အဖွဲ့ဝင်တစ်ဦးထံ ဆက်သွယ်ပါ။

# ဝယ်ယူရေး မိတ်ဖက်များနှင့် ဆက်ဆံရေးကို မြှင့်တင်ပါ

Hitachi သည် ဝယ်ယူရေး မိတ်ဖက်များအား တရားမျှတမှု၊ ရိုးသားမှုနှင့် လေးစားမှုတို့ဖြင့် ဆက်ဆံသည်။



## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့၏ဝယ်ယူရေး မိတ်ဖက်များသည် ကျွန်ုပ်တို့၏တန်ဖိုးများကို လက်ကိုင်ထားပြီး လူသားများနှင့် ကျွန်ုပ်တို့၏ကမ္ဘာအပေါ် ဆိုးကျိုးများမဖြစ်စေသောနည်းလမ်းဖြင့် လုပ်ငန်းလုပ်ဆောင်ရန် ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ကျွန်ုပ်တို့သည် ကျင့်ဝတ်နှင့်ညီပြီး တာဝန်သိသော လုပ်ငန်းအလေ့အကျင့်များကို မြှင့်တင်ခြင်းဖြင့် အပြုသဘောဆောင်သော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရလဒ်များကို တွန်းအားပေးရန်အတွက် ထောက်ပံ့ရေးကွင်းဆက်ရှိ အန္တရာယ်များကို လျော့ပါးသက်သာစေပြီး ကျွန်ုပ်တို့၏ ဝယ်ယူမှုစွမ်းအားကို အကောင်းဆုံးအသုံးချပါသည်။

## သင်၏နေ့စဉ်အလုပ်တွင်

***အရည်အချင်းပြည့်မီသော ဝယ်ယူရေးမိတ်ဖက်များကို ရှာဖွေပါ။*** သင်သည် ဝယ်ယူရေး မိတ်ဖက်များကို ရွေးချယ်ရန် တာဝန်ရှိပါက လုပ်ငန်းတည်ငြိမ်မှု၊ ပို့ဆောင်ချိန်၊ လိုင်စင်အခကြေးငွေ၊ ကုန်ကြမ်းပစ္စည်းများ၏စျေးနှုန်း၊ ဝန်ဆောင်မှုများ၊ အရည်အသွေးနှင့် ယုံကြည်စိတ်ချရမှုနှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်ကဲ့သို့ အချက်များကို ပြန်လည်သုံးသပ်ပါ။

ထို့အပြင် တရားမျှတမှုမရှိသော ခွဲခြားဆက်ဆံမှုများ ဖျက်သိမ်းရေး၊ ကလေးသူငယ်သို့မဟုတ် အဓမ္မခိုင်းစေမှု ပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အပါအဝင် ၎င်းတို့၏ လူမှုရေးဆိုင်ရာ တာဝန်ယူမှု အလေ့အထများကို စစ်ဆေးပါ။

***"ဟင့်အင်း" ဟု ငြင်းရမည့်အချိန်ကို သိပါ။*** ကျွန်ုပ်တို့၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို မလိုက်နာသော လက်ဆောင်များ၊ ခရီးသွားခြင်း သို့မဟုတ် ဖျော်ဖြေရေး ကမ်းလှမ်းချက်များသည် အကျိုးစီးပွားပဋိပက္ခများကို ဖန်တီးနိုင်သည်။ ဝယ်ယူမှုဆိုင်ရာ လုပ်ငန်းများတွင် ဝယ်ယူရေး မိတ်ဖက်များထံမှ လက်ဆောင်များ၊ ခရီးသွားခြင်း သို့မဟုတ် ဖျော်ဖြေမှုများကို ငြင်းပယ်ပါ။

***ဖွင့်ဟပြောဆိုပါ။*** ဝယ်ယူရေးမိတ်ဖက်တစ်ဦးသည် ဥပဒေ သို့မဟုတ် စည်းမျဉ်းများကို ချိုးဖောက်သည်ဟု သင်ယုံကြည်ပါက သင့်မန်နေဂျာ သို့မဟုတ် ဝန်ထမ်းရေးရာ၊ စည်းကမ်းလိုက်နာရေး သို့မဟုတ် ဥပဒေရေးရာ အဖွဲ့ဝင်တစ်ဦးနှင့် တိုင်ပင်ဆွေးနွေးပါ။

# မျှတစွာ ယှဉ်ပြိုင်ပါ

**Hitachi** သည် တရားမျှတသော ပြိုင်ဆိုင်မှုကို ပြုလုပ်ရန် ကတိပြုပြီး တည်ဆဲ ယှဉ်ပြိုင်မှုဥပဒေများကို လိုက်နာပါသည်။



## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့သည် တရားမျှတစွာ ယှဉ်ပြိုင်ပြီး လုပ်ငန်းဆောင်ရွက်သည့် နိုင်ငံတိုင်းတွင် ယှဉ်ပြိုင်မှုဥပဒေများကို လိုက်နာပါသည်။ အပြိုင်အဆိုင်ဈေးကွက်တစ်ခုမှ လူတိုင်းအကျိုးခံစားခွင့်ရှိကြောင်း သိရှိထား၍ ကျွန်ုပ်တို့ လုပ်ငန်းလည်ပတ်သည့်နေရာများတွင် လက်ဝါးကြီးအုပ်မှု ဆန့်ကျင်ရေးနှင့် တရားမျှတသောယှဉ်ပြိုင်မှုဥပဒေများကို လိုက်နာပါသည်။ Hitachi နှင့် အခြားကုမ္ပဏီတစ်ခု၏ ယှဉ်ပြိုင်နိုင်စွမ်းကို တရားမျှတမှုမရှိဘဲ ကန့်သတ်ထားသယောင်ဖြစ်စေခြင်း ကိုလည်း ကျွန်ုပ်တို့ ရှောင်ကြဉ်ပါသည်။

## ယှဉ်ပြိုင်မှုဆိုင်ရာ အားသာစေသော အချက်အလက်စုဆောင်းရန် ရိုးသားသောနည်းလမ်းများ

- အွန်လိုင်းသုတေသန
- ၎င်းတို့၏ ဆိုရှယ်မီဒီယာချန်နယ်များကို ကြည့်ရှုပါ
- ဖောက်သည်တုံ့ပြန်အကြံပြုချက်
- ပြိုင်ဘက်၏ အလုပ်အကိုင်အခွင့်အလမ်းများ



# သင်၏နေ့စဉ်အလုပ်တွင်

***ယှဉ်ပြိုင်မှုဥပဒများး ကို လိုက်နာပါ။*** အောက်ပါတို့ပြုလုပ်ရန် ပြိုင်ဘက်တစ်ဦးနှင့် နှုတ်ဖြင့် သို့မဟုတ် စာဖြင့် သဘောတူညီချက် သို့မဟုတ် နားလည်မှုတစ်ခုကို မည်သည့်အခါမျှ မပြုလုပ်ပါနှင့်-

- ဈေးကွက်များ သို့မဟုတ် ဖောက်သည်များကို ပိုင်းခြားရန်။
- ဈေးနှုန်းများကို ပြင်ဆင်ရန်။
- အပြိုင်အဆိုင် လေလံဆွဲခြင်း လုပ်ငန်းစဉ်ကို ခြယ်လှယ်ရန်။
- ဈေးနှုန်းများ၊ ဖောက်သည်များ၊ လျှော့ဈေးများ၊ ဈေးကွက်ဝေစု၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ၊ စွမ်းဆောင်ရည်၊ အရောင်းနယ်မြေများ၊ အရောင်းပမာဏ၊ ထောက်ပံ့မှု စည်းကမ်းချက်များ သို့မဟုတ် ဗျူဟာမြောက် အစီအမံများကဲ့သို့သော အထိခိုက်မခံသော အချက်အလက်များကို လဲလှယ်ရန် သို့မဟုတ် ဆွေးနွေးရန်။

***လမ်းညွှန်ချက်ရယူပါ။*** ယှဉ်ပြိုင်မှုနှင့် လက်ဝါးကြီးအုပ်မှု ဆန့်ကျင်ရေးဥပဒေများသည် ရှုပ်ထွေးပြီး များသောအားဖြင့် အခြေအနေနှင့် သက်ဆိုင်ပါသည်။ သင့်တွင် မေးစရာများရှိပါက၊ အထူးသဖြင့် အောက်ပါတို့နှင့်ပတ်သက်သော အကူအညီအတွက် ဥပဒေရေးရာ သို့မဟုတ် စည်းကမ်းလိုက်နာရေး အဖွဲ့ဝင်တစ်ဦးကို မေးမြန်းပါ-

- လူသုံးကုန်များ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အပိုပစ္စည်းများ ထောက်ပံ့ခြင်းကို ထိန်းချုပ်ခြင်း၊
- သီးသန့်ဖြန့်ဖြူးမှုအစီအစဉ်များ၊
- ဝယ်နေကျဖောက်သည်များ သို့မဟုတ် ပမာဏအမြောက်အများ ဝယ်ယူမှုအတွက် လျှော့ဈေးများ။
- နယ်မြေကန့်သတ်ချက်များ။

***အသွင်အပြင်များကို သတိထားပါ။*** မလျော်ကန်သော သို့မဟုတ် မသင့်လျော်သော အပြုအမူဟု သံသယပွားစေနိုင်မည့် ပြိုင်ဘက်များနှင့် ထိတွေ့ဆက်သွယ်ခြင်းမှ ရှောင်ကြဉ်ပါ။

***ယှဉ်ပြိုင်မှုဆိုင်ရာ အချက်အလက်များကို မျှတစွာစုဆောင်းပါ။*** ကျွန်ုပ်တို့၏ပြိုင်ဘက်များအကြောင်း အချက်အလက်စုဆောင်းပါက ရိုးသားသော နည်းလမ်းများကို အသုံးပြုပါ။ သင့်အား လျှို့ဝှက်အချက်အလက်များပေးရန် မည်သူ့ကိုမျှ မတိုက်တွန်းပါနှင့်။ စက်မှုလုပ်ငန်းအသင်းအစည်းအဝေး သို့မဟုတ် ကုန်စည်ပြပွဲကိုတက်ရောက်စဉ် မသင့်လျော်သောဆွေးနွေးမှုများ သို့မဟုတ် ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့်အပြုအမူများတွင် မပါဝင်ပါနှင့်။ ဤအပြုအမူကို သတိပြုမိပါက ၎င်းနှင့်ခပ်ကင်းကင်းနေပြီး စည်းကမ်းလိုက်နာရေး သို့မဟုတ် ဥပဒေရေးရာအဖွဲ့ဝင်တစ်ဦးကို အမြန်ဆုံးအကြောင်းကြားပါ။

# ကုန်သွယ်မှု စည်းကမ်းလိုက်နာရေး ဥပဒေများကို လိုက်နာပါ

**Hitachi** သည် နိုင်ငံတကာ ကုန်သွယ်မှုဥပဒေများနှင့် ပို့ကုန် ကန့်သတ်ထိန်းချုပ်မှုများကို လိုက်နာပြီး ကမ္ဘာတစ်ဝန်းသို့ ကုန်ပစ္စည်းတင်ပို့၊ တင်သွင်းလျက်ရှိသည်။



## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ၏ နယ်စပ်ဖြတ်ကျော် လွှဲပြောင်းမှု၊ စီးပွားရေးပိတ်ဆို့မှုများနှင့် အကောက်ခွန်ဥပဒေများကို ထိန်းချုပ်သည့် နိုင်ငံနှင့် နိုင်ငံတကာ ပို့ကုန်ကန့်သတ်ထိန်းချုပ်မှုစည်းမျဉ်းများကို လိုက်နာပါသည်။

## သင်၏နေ့စဉ်အလုပ်တွင်

***ပို့ကုန်နှင့်သွင်းကုန်မူဝါဒများကို နားလည်ပါ။*** ပို့ကုန်ကန့်သတ်ထိန်းချုပ်မှုများသည် ကုန်ပစ္စည်းများကို ရွှေ့ပြောင်းသယ်ဆောင်မှုအပေါ်တွင်သာမက ထိတွေ့ကိုင်တွယ်၍မရသောနည်းဖြင့် ဆော့ဖ်ဝဲနှင့် နည်းပညာများကို လွှဲပြောင်းမှုများအပေါ်တွင်ပါ သက်ရောက်နိုင်သည်။ ပို့ကုန်ဟု ဆိုရာတွင် ဆော့ဖ်ဝဲ သို့မဟုတ် နည်းပညာဆိုင်ရာ အချက်အလက် ပါဝင်သော နယ်စပ်ဖြတ်ကျော်၍သယ်ဆောင်သည့် လက်ပ်တော့ပ်တစ်လုံးဖြစ်စေ၊ လက်ဖြင့်ကိုယ်တိုင်သယ်ဆောင်၍ရသည့် ကုန်ပစ္စည်းများဖြစ်စေပါဝင်သည်။

***သိရှိထားပါ။*** ကုန်တင်ပို့မှုတစ်ခုမပြုလုပ်မီ၊ သင်တင်ပို့သည့်အရာနှင့် ၎င်း၏ ပို့ကုန်အမျိုးအစားခွဲခြားမှု၊ သင်တင်ပို့နေသည့်နိုင်ငံ၊ လက်ခံသူနှင့် အသုံးပြုသူနှင့် ပစ္စည်း၏ ရည်ရွယ်ထားသည့်အဆုံးအသုံးပြုမှုကို သိပါ။

***ကုန်သွယ်မှုစည်းမျဉ်းများကို လိုက်နာပါ။*** ကုန်တင်ပို့မှုမလုပ်ဆောင်မီ လိုအပ်သော ပို့ကုန်လိုင်စင်များ ရယူပါ။ လိုင်စင်စည်းမျဉ်းများ သို့မဟုတ် ကင်းလွတ်ခွင့်သတ်မှတ်ချက်များကို လိုက်နာပါ။ ကုန်သွယ်မှုတစ်ခုအား ထိန်းချုပ်သည့် ဥပဒေများ၊ အကောက်ခွန်များနှင့် ကျင့်ထုံးများနှင့်ပတ်သက်၍ သင် သေချာမသိပါက အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအဖွဲ့ထံ ဆက်သွယ်ပါ။

# လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုတို့ကို တားဆီးပါ

**Hitachi** သည် လာဘ်ပေးလာဘ်ယူမှု သို့မဟုတ် အဂတိလိုက်စားမှုများကို သည်းမခံနိုင်ပါ။

## တန်ဖိုးရှိသော မည်သည့်အရာမဆို

*ငွေသား၊ အကျိုးအမြတ်မယူသော အဖွဲ့များ (ပရဟိတအဖွဲ့များ) ထံ လှူဒါန်းမှုများ၊ လက်ဆောင်များ၊ ဖျော်ဖြေရေး၊ စီးပွားရေးအခွင့်အလမ်းများ၊ အစားအစာများ၊ အလုပ်အကိုင်နှင့် ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများကို ကမ်းလှမ်းမှုများသည် လာဘ်ထိုးမှုဖြစ်နိုင်ပါသည်။ ဤအခေါ်အဝေါ်နှင့် ဆက်စပ်နေသော အနည်းဆုံး သို့မဟုတ် အများဆုံးပမာဏမရှိပါ။*

## လာဘ်ပေးလာဘ်ယူမှု သို့မဟုတ် လာဘ်ထိုးခြင်း

*မသင့်လျော်သော ဆုံးဖြတ်ချက် သို့မဟုတ် လုပ်ဆောင်ချက်အတွက် အလဲအလှယ်အနေဖြင့် အဖိုးတန်ပစ္စည်းတစ်ခုခုကို ပေးခြင်း သို့မဟုတ် လက်ခံခြင်း။*

## မုန့်ဖိုးပေးငွေ သို့မဟုတ် အလုပ်ကိစ္စ လွယ်ကူမြန်ဆန်စေရန် ပေးသည့်ငွေ

*စာရွက်စာတမ်းကိစ္စများ၊ စာပို့ခြင်း သို့မဟုတ် ဖုန်းများတပ်ဆင်ခြင်းကဲ့သို့သော ပုံမှန်အစိုးရလုပ်ဆောင်ချက်များ ပိုမိုမြန်ဆန်စေရန် အစိုးရအရာရှိတစ်ဦးထံ ပေးချေသည့် အသေးစားငွေပေးချေမှု။*

## အစိုးရအရာရှိ

*ကမ္ဘာပေါ်ရှိ မည်သည့်အစိုးရမဆို၏ ဝန်ထမ်းများ သို့မဟုတ် အစိုးရကထိန်းချုပ်ထားသော အဖွဲ့အစည်းများ၏ ဝန်ထမ်းများ။ အဆိုပါ အသုံးအနှုန်းတွင် နိုင်ငံရေးပါတီများနှင့် ပါတီတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများအတွက် ကိုယ်စားလှယ်လောင်းများ၊ ကုလသမဂ္ဂကဲ့သို့သော အများပြည်သူဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ဝန်ထမ်းများလည်း ပါဝင်သည်။*

## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့သည် လုပ်ငန်းကျင့်ဝတ်ဆိုင်ရာ အမြင့်ဆုံးစံနှုန်းများကို လိုက်နာစောင့်ထိန်းရန်နှင့် လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုကို တားဆီးရန် ကတိပြုပါသည်။ လုပ်ငန်းကို ထိန်းသိမ်းရန်၊ လုပ်ငန်းကို ရယူရန် သို့မဟုတ် တရားမျှတမှုမရှိသော အားသာချက်ကို ရယူရန် ကျွန်ုပ်တို့သည် တန်ဖိုးရှိသော မည်သည့်အရာကိုမျှ ကမ်းလှမ်းခြင်း သို့မဟုတ် လက်ခံခြင်း မပြုလုပ်ပါ။



○ ○ ○

# သင်၏နေ့စဉ်အလုပ်တွင်

***အသိအမြင် ရှိပါစေ။*** ကျင့်ဝတ်စည်းကမ်းနှင့် Hitachi ၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ဖတ်ရှုပါ။ ကျင့်ဝတ်နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်သင်တန်းကို စောလျင်စွာ ပြီးမြောက်အောင် လုပ်ဆောင်ပါ။

***ဥပဒေများနှင့် စည်းမျဉ်းများကို သိရှိပါ။*** သက်ဆိုင်ရာ လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာပါ။ သင့်တွင် မေးစရာများရှိပါက သို့မဟုတ် အကူအညီလိုအပ်ပါက စည်းကမ်းလိုက်နာရေး သို့မဟုတ် ဥပဒေရေးရာအဖွဲ့ဝင်တစ်ဦးနှင့် တိုင်ပင်ပါ။

***ကြိုတင်စုံစမ်းစစ်ဆေးပါ။*** စီးပွားရေးလုပ်ငန်းတစ်ခုနှင့် မဆက်ဆံမီ လုပ်ငန်းလုပ်ဖော်ကိုင်ဖက်များအပေါ် အကဲဖြတ်ဆန်းစစ်ချက်ပြုလုပ်ရန် သင်၏စည်းကမ်းလိုက်နာမှုအဖွဲ့နှင့် ချိတ်ဆက်ပါ။ ကျွန်ုပ်တို့၏တန်ဖိုးများနှင့် မှန်ကန်သောအရာကို လုပ်ဆောင်ရန် ကတိကဝတ်များနှင့် ကိုက်ညီသူများကိုသာ ရွေးချယ်ပါ။

***လာဘ်ထိုးမှုများကို ကမ်းလှမ်းရန်၊ ပေးချေရန် သို့မဟုတ် လက်ခံရန် ငြင်းဆိုပါ။*** လာဘ်ထိုးမှု သို့မဟုတ် လာဘ်လာဘကို တောင်းဆိုမှုအကြောင်း သို့မဟုတ် ကမ်းလှမ်းချက်များအကြောင်းကို သင့်မန်နေဂျာ သို့မဟုတ် လူ့စွမ်းအားအရင်းအမြစ်၊ စည်းကမ်းလိုက်နာမှု သို့မဟုတ် ဥပဒေရေးရာအဖွဲ့ဝင်တစ်ဦးထံ အစီရင်ခံပါ။

***လက်ဆောင်များ၊ ခရီးသွားခြင်းနှင့် ဖျော်ဖြေရေးတို့ကို တာဝန်ယူမှုရှိစွာ ပေးအပ်ပါ၊ လက်ခံပါ။*** လက်ဆောင်များ၊ ခရီးသွားခြင်း သို့မဟုတ် ဖျော်ဖြေရေးများက လာဘ်ပေးလာဘ်ယူဖြစ်နိုင်သည့် သို့မဟုတ် လာဘ်ပေးလာဘ်ယူမှုပုံစံပေါက်စေသည့် အခြေအနေမျိုးတွင် ၎င်းတို့ကို လက်ခံခြင်း သို့မဟုတ် ပေးအပ်ခြင်းမပြုကြောင်း သေချာပါစေ။ မျက်နှာသာရရှိရန် လာဘ်ပေးလာဘ်ယူများ ပြုလုပ်ခြင်းသည် အစိုးရအရာရှိများအား လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ခြင်းကို တားမြစ်သည့်ဥပဒေများနှင့် အခြေအနေတိုင်းတွင် လက်ခံနိုင်စရာမရှိသည့် အပြင်၊ အချို့ကိစ္စများတွင် စီးပွားရေးလုပ်ငန်းများ၏ဝန်ထမ်းများသည် ပြင်းထန်သောငွေကြေးနှင့် ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်များကို ဖြစ်နိုင်ပြီး Hitachi ၏ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သည်။

***အသေးသုံးငွေသားအသုံးပြုမှုကို ကန့်သတ်ပါ။*** Hitachi သည် ကမ္ဘာတစ်ဝန်းရှိ ကျွန်ုပ်တို့၏ရုံးများတွင် အသေးသုံးငွေသားအသုံးပြုခြင်းကို အားမပေးပါ။ ဒေသဆိုင်ရာစီမံခန့်ခွဲမှုဌာနက တရားဝင်လုပ်ငန်း ရည်ရွယ်ချက်များအတွက် အသေးသုံးငွေသားအသုံးပြုမှုကို ခွင့်ပြုပါက၊ ငွေထုတ်ခြင်းများကို မှတ်တမ်းတင်ပြီး စာရင်းအင်းစာရင်းများကို တိကျစွာမှတ်တမ်းတင်ရန်အတွက် သင့်လျော်သောစာရွက်စာတမ်းများကို ထိန်းသိမ်းပါ။

***အလုပ်ကိစ္စချောမွေ့စေရန် ငွေပေးချေခြင်းမျိုး မပြုလုပ်ပါနှင့်။*** Hitachi သည် အသက်၊ ဘေးကင်းရေး၊ လုံခြုံရေး သို့မဟုတ် လွတ်လပ်မှုကို လက်ငင်းခြိမ်းခြောက်မှု မရှိပါက အကျိုးဆောင်ခပေးချေခြင်းမျိုးကို ခွင့်မပြုပါ။ ဤအခြေအနေများအောက်တွင် ငွေပေးချေပါက၊ ၎င်းကို စည်းကမ်းလိုက်နာမှု သို့မဟုတ် ဥပဒေရေးရာအဖွဲ့ဝင်တစ်ဦးထံ တတ်နိုင်သမျှ တိုင်ကြားပါ။

***ဖွင့်ဟပြောဆိုပါ။*** သံသယဖြစ်ဖွယ်တစ်ခုခုကို သင်ကြုံတွေ့ရပါက ရှေ့ဆက်မဆောင်ရွက်မီ သင့်မန်နေဂျာ သို့မဟုတ် လူ့စွမ်းအားရင်းမြစ် သို့မဟုတ် စည်းကမ်းလိုက်နာရေး သို့မဟုတ် တရားဝင်အဖွဲ့ဝင်တစ်ဦးနှင့် တိုင်ပင်ပါ။

# တာဝန်သိစွာ ပြောဆိုဆက်ဆံပါ

**Hitachi** သည် ကျွန်ုပ်တို့၏စကားလုံးများ၏ အကျိုးသက်ရောက်မှုကို နားလည်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လေးနက်၍ တာဝန်သိစွာ ပြောဆိုဆက်ဆံသည်။



## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့၏ဂုဏ်သတင်းသည် ကျွန်ုပ်တို့၏ အကြီးမားဆုံးသော ပိုင်ဆိုင်မှုများထဲမှ တစ်ခုဖြစ်ပြီး ၎င်းကို ကာကွယ်ရန် ကျွန်ုပ်တို့တစ်ဦးစီတွင် မူတည်ပါသည်။ ကျွန်ုပ်တို့သည် ဆိုရှယ်မီဒီယာကို ပညာရှိစွာအသုံးပြုပြီး Hitachi ၏လုပ်ငန်းနှင့်ပတ်သက်သည့် ပြင်ပမှစုံစမ်းမေးမြန်းမှုများကို ကျွန်ုပ်တို့၏ထုတ်ကုန်အမှတ်တံဆိပ်နှင့် ဆက်သွယ်ရေးအဖွဲ့ထံ လွှဲပြောင်းပေးပါသည်။

## သင်၏နေ့စဉ်အလုပ်တွင်

***ဆိုရှယ်မီဒီယာတွင် တာဝန်သိစွာ ပို့စ်တင်ပါ။*** သင်၏ ပို့စ်များ သို့မဟုတ် ပရိုဖိုင်တွင် တင်ထားသည်များမှာ သင်၏ အမြင်သာဖြစ်ကြောင်း ရှင်းလင်းအောင် ရေးသားပါ။ Hitachi၊ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ၊ ဖောက်သည်များ သို့မဟုတ် ပြိုင်ဘက်များအကြောင်း လျှို့ဝှက်အချက်အလက်များကို မည်သည့်အခါမျှ ထုတ်ဖော်မပြောရ။ အနိုင်ကျင့်မှု၊ ထိပါးနှောင့်ယှက်မှု၊ ခြိမ်းခြောက်မှု သို့မဟုတ် အကျပ်ကိုင်မှုဖြစ်စေနိုင်သည့် မည်သည့်အရာကိုမျှ မတင်ပါနှင့်။ ဆိုရှယ်မီဒီယာပို့စ်များသည် အများအားဖြင့် အမြဲတမ်းရှိနေတတ်ပြီး ကမ္ဘာအနှံ့ရောက်ရှိနေကြောင်း သတိပြုပါ။

***Hitachi အား အသံတစ်သံတည်းဖြင့် ပြောနိုင်အောင် ကူညီပေးပါ။*** သင့်တွင် အခွင့်မရှိပါက Hitachi သို့မဟုတ် သင့်ကုမ္ပဏီအတွက် မည်သည့်အခါမျှ ကိုယ်စားမပြောဆိုပါနှင့်။ Hitachi ဝန်ထမ်းအဖြစ် သင့်အခန်းကဏ္ဍကို မဆွေးနွေးမီ သင့်မန်နေဂျာထံမှ ခွင့်ပြုချက်ရယူပြီး လိုအပ်ပါက Hitachi ၏ ကုန်အမှတ်တံဆိပ်ရေးရာမြှင့်တင်ဆောင်ရွက်မှုနှင့် ကော်ပိုရိတ်ဆက်သွယ်ရေးအဖွဲ့ထံမှ ခွင့်ပြုချက်ရယူရန် သတိရပါ။

# အစုရှယ်ယာလက်မှတ်များကို တရားမျှတ၍ တရားဥပဒေနှင့်ညီစွာ ရောင်းဝယ်ပါ

**Hitachi** သည် တရားမျှတပြီး ပွင့်လင်းသော အစုရှယ်ယာလက်မှတ် ဈေးကွက်များကို ပံ့ပိုးပေးခြင်းဖြင့် ယုံကြည်မှုကို မြှင့်တင်ပါသည်။

## အတွင်းသတင်းအချက်အလက်

*လူသိရှင်ကြားမထုတ်ပြန်ရသေးသော အများပိုင်ကုမ္ပဏီတစ်ခု၏ အချက်အလက်များဖြစ်ပြီး ၎င်းသည် ကုမ္ပဏီ၏စတော့ရှယ်ယာဈေးနှုန်းကို အပြုသဘော သို့မဟုတ် အပျက်သဘော သက်ရောက်နိုင်သည်။*

*ဥပမာများမှာ-*

- **ကော်ပိုရိတ်မိတ်ဖက်များ**
- **လုပ်ငန်းပေါင်းစည်းခြင်း သို့မဟုတ် လုပ်ငန်းဝယ်ယူမှု ဆိုင်းငံ့ခြင်း**
- **ကုန်ပစ္စည်းပြန်အပ်ရန် တောင်းဆိုခြင်း**
- **ဝင်ငွေအလိုပြခြင်း**

## အတွင်းသတင်းအချက်အလက် သိရှိသူများက ကြိုတင်ရောင်းဝယ်ဆောင်ရွက်ခြင်း

*အတွင်းသတင်းအချက်အလက် သိရှိသူများက ကြိုတင်ရောင်းဝယ်ဆောင်ရွက်ခြင်း* ***သည် အတွင်းသတင်းအချက်အလက်*** *ရှိသူတစ်ဦးက အများပိုင် ကုမ္ပဏီ၏စတော့ရှယ်ယာကို ရောင်းဝယ်သည့်အခါ ဖြစ်သည်။*

*ဥပမာများမှာ-*

- **အတွင်းသတင်းအချက်အလက်ပေါ်အခြေခံ၍ ငွေချေးစာချုပ်များ ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း**
- **Hitachi ကုမ္ပဏီများအကြောင်း အများမသိနိုင်သော အချက်အလက်များကို စတော့ရှယ်ယာအရောင်းအဝယ်လုပ်သော သူငယ်ချင်းများနှင့် မိသားစုဝင်များ ထံသို့ မျှဝေခြင်း**

○ ○ ○

## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့သည် အတွင်းသတင်းအချက်အလက်ကို အခြေခံ၍ ရောင်းဝယ်ခြင်းမပြုပါ သို့မဟုတ် ရောင်းဝယ်ဖောက်ကားရန်အတွက် ထိုအချက်အလက်များကို မျှဝေခြင်းဖြင့် အခြားသူများကို အကြံပေးခြင်းမပြုပါ။ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းများသည် အများသူငှာ ရရှိနိုင်သော အချက်အလက်များကိုသာ အခြေခံ၍ ရောင်းဝယ်ဖောက်ကားသည်။

## သင်၏နေ့စဉ်အလုပ်တွင်


***အတွင်းသတင်းအချက်အလက်ကို အခြေခံ၍ ရောင်းဝယ်ခြင်းမပြုပါနှင့်။*** သင့်တွင် အများသူငှာ မသိနိုင်သော အချက်အလက်ရှိပါက ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များရှိ Hitachi စတော့ သို့မဟုတ် ရှယ်ယာများကို ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်းသည် တရားမဝင်ပါ။

***အတွင်းသတင်းအချက်အလက်ကို မမျှဝေပါနှင့်။*** အတွင်းသတင်းအချက်အလက်ကို Hitachi ၏ ပြင်ပတွင် မိသားစုဝင်များ သို့မဟုတ် သူငယ်ချင်းများနှင့်ပင် မမျှဝေပါနှင့်။ သင့်တွင် ထိုကုမ္ပဏီနှင့် ပတ်သက်သော အတွင်းသတင်းအချက်အလက် ရှိပါက အခြားမည်သူမဆို ထိုကုမ္ပဏီ၏ အစုရှယ်ယာလက်မှတ်များ (စတော့ရှယ်ယာဟုလူသိများလေ့ရှိသည်) ဝယ်ရန် သို့မဟုတ် ရောင်းရန် အကြံပြုခြင်း သို့မဟုတ် အကြံပေးခြင်း မပြုပါနှင့်။

***ဖွင့်ဟပြောဆိုပါ။*** သတင်းအချက်အလက်မပေးမီ သို့မဟုတ် အရောင်းအဝယ်မလုပ်မီ အခြေအနေတစ်ခု သို့မဟုတ် အခြေအနေတစ်ခုနှင့်ပတ်သက်၍ မသေချာပါက စည်းကမ်းလိုက်နာမှု သို့မဟုတ် ဥပဒေရေးရာအဖွဲ့ဝင်တစ်ဦးနှင့် တိုင်ပင်ပါ။

# ကျွန်ုပ်တို့၏အသိုင်းအဝိုင်းများကို ဂရုစိုက်ပါ

ကျွန်ုပ်တို့၏ကမ္ဘာမြေကိုဂရုစိုက်ပါ
လူ့အခွင့်အရေးကို လေးစားပါ
မတူကွဲပြားမှု၊ သာတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှုကို တန်ဖိုးထားပါ
ထိပါးနှောင့်ယှက်မှု ကင်းစင်သော လုပ်ငန်းခွင်ကို ပံ့ပိုးပေးပါ
ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ပါ
ကျွန်ုပ်တို့၏အသိုင်းအဝိုင်းများတွင် ရင်းနှီးမြှုပ်နှံပါ



## ကျွန်ုပ်တို့၏ကမ္ဘာမြေကိုဂရုစိုက်ပါ

Hitachi သည် ကျွန်ုပ်တို့၏ လူမှုဆန်းသစ်တီထွင်မှု လုပ်ငန်းမှတစ်ဆင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းပြီး ပိုမိုမြင့်မားသော ဘဝ အရည်အသွေးနှင့် ရေရှည်တည်တံ့သော လူ့အဖွဲ့အစည်းကို ရရှိစေမည်ဖြစ်ပါသည်။

## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့သည်မိမိတို့၏ ကမ္ဘာဂြိုဟ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး Hitachi အပေါ် သက်ရောက်မှုရှိသော သက်ဆိုင်ရာဥပဒေနှင့် စည်းမျဉ်းများကို လိုက်နာသည့် ရေရှည် တည်တံ့သော စီးပွားရေးလုပ်ငန်းတစ်ခုကို လည်ပတ်လုပ်ဆောင်ရန် ကျွန်ုပ်တို့ ယုံကြည် ပါသည်။ ကျွန်ုပ်တို့သည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကဲ့သို့ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု များကို အသားတင် သုညတန်ဖိုးရောက်ရှိသည်ထိ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ကင်း စင်သော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်စေရန် ဝန်ထမ်းများ၊ စီးပွားရေးလုပ်ဖော်ကိုင်ဖက် များ၊ ဖောက်သည်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။ ရေသယံဇာတ နှင့် အခြားရင်းမြစ်များကို ထိရောက်စွာအသုံးပြုကာ ဓာတုပစ္စည်းထုတ်လွှတ်မှုကို လျှော့ချ နိုင်သော သယံဇာတအကျိုးရှိစွာ အသုံးပြုသည့် လူ့အဖွဲ့အစည်းကို ဖန်တီးရန်လည်း လုပ်ဆောင်သွားမည်ဖြစ်သည်။

## သင်၏နေ့စဉ်အလုပ်တွင်


***Hitachi ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဗျူဟာများအကြောင်း လေ့လာပါ။*** Hitachi အား ၎င်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဦးတည်ချက်၊ ရေရှည်ပတ်ဝန်းကျင်တည်တံ့မှု ရည်မှန်းချက်များ၊ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်မှုအစီအစဉ်နှင့် ကြားကာလ စီမံခန့်ခွဲမှု အစီအစဉ်တို့ကို အောင်မြင်စေရန် ကူညီပါ။

***ဥပဒေနှင့် စည်းမျဉ်းများကို လိုက်နာပါ။*** Hitachi ၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ သာမက စီးပွားရေးလုပ်ငန်းနှင့် သင့်အလုပ်အတွက် သက်ဆိုင်သည့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ပါ။

***သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးထွက်ဆိုးကျိုးဖြစ်စေမှုများကို လျှော့ချပါ။*** ပတ်ဝန်းကျင်အပေါ် သင့်နေ့စဉ်လုပ်ဆောင်မှုများ၏ တိုက်ရိုက်နှင့် သွယ်ဝိုက်သက်ရောက် မှုများကို နားလည်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု၊ ညစ်ညမ်းမှု သို့မဟုတ် စွန့်ပစ် ပစ္စည်းများကဲ့သို့သော ဆိုးကျိုးများကို လျှော့ချပါ။

# လူ့အခွင့်အရေးကို လေးစားပါ

**Hitachi** သည် လူ့အခွင့်အရေးကို ထောက်ခံအားပေးပြီး လေးစားသည့် နည်းလမ်းဖြင့် စီးပွားရေးကို လုပ်ဆောင်သည်။



## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်သူအားလုံး၏ လူ့အခွင့်အရေးကို လေးစားပါသည်။ လူသားတိုင်းသည် ဂုဏ်သိက္ခာ၊ တရားမျှတမှု၊ လေးစားမှုနှင့် အခွင့်အရေးများကို တန်းတူညီမျှ လွတ်လပ်စွာ ရရှိခွင့်ဖြင့် မွေးဖွားလာကြသည်။

Hitachi လုပ်ဆောင်လည်ပတ်နေသော ဈေးကွက်တစ်ခုစီတွင် လူ့အခွင့်အရေးနှင့် အလုပ်သမားဥပဒေများ၊ အမျိုးသားဥပဒေများနှင့် စည်းမျဉ်းများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များကို ကျွန်ုပ်တို့ လိုက်နာပါသည်။ နိုင်ငံတကာက အသိအမှတ်ပြုထားသော လူ့အခွင့်အရေးနှင့် အမျိုးသားဥပဒေများကြားတွင် အငြင်းပွားမှုရှိနေပြီး အမျိုးသားဥပဒေများသည် လူ့အခွင့်အရေးကို ကာကွယ်မှု နည်းပါးနေပါက ကျွန်ုပ်တို့သည် နိုင်ငံတကာလူ့အခွင့်အရေး အခြေခံမှုများကို လေးစားလိုက်နာရန် နည်းလမ်းများကို ကြိုးပမ်းသည့် လုပ်ငန်းစဉ်များအား လိုက်နာဆောင်ရွက်ပါမည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့သည် ကလေးများ၊ ဘာသာစကား သို့မဟုတ် ဘာသာရေးလူနည်းစုများ၊ ဌာနေတိုင်းရင်းသားများ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများ၏ တစ်ဦးချင်းအခွင့်အရေးများကို လေးစားပါသည်။

**အထူးသဖြင့် လုပ်ငန်းခွင်နှင့်သက်ဆိုင်သော လူ့အခွင့်အရေးများမှာ-**

- ကျွန်စနစ်ဖျက်သိမ်းရေးနှင့် အဓမ္မစေခိုင်းမှု သို့မဟုတ် အတင်းအကျပ် အလုပ်ခိုင်းစေမှု ပုံစံအားလုံး၊
- လွတ်လပ်စွာ အသင်းဖွဲ့ခွင့်၊
- တူညီသောအလုပ်အတွက် တန်းတူလစာ၊
- အလုပ်တွင် တန်းတူညီမျှမှု၊
- သင့်လျော်မျှတပြီး ဝင်ငွေကောင်းသော လစာ၊
- ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့်
- အလုပ်ရှင်နှင့် အလုပ်သမားသမဂ္ဂကြား ညှိနှိုင်းမှုတွင် စုရုံးပါဝင်ခွင့်။

○ ○ ○

# သင်၏နေ့စဉ်အလုပ်တွင်

***လူ့အခွင့်အရေးနှင့် လွတ်လပ်မှုကို လေးစားပါ။*** Hitachi အဖွဲ့၏ လူ့အခွင့်အရေးမူဝါဒကို ဖတ်ပြီး အခြားသူများ၏အခွင့်အရေးကို ထိပါးခြင်းမှ ရှောင်ကြဉ်ပါ။ နိုင်ငံတကာ စံနှုန်းများကို လိုက်နာပြီး ဆိုးရွားသော လူ့အခွင့်အရေး ထိခိုက်မှုများကို ဖြစ်စေခြင်း သို့မဟုတ် ပံ့ပိုးကူညီခြင်းမှ ရှောင်ကြဉ်ပါ။

***Hitachi ၏ လူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်များကို လိုက်နာပါ။*** ကလေးလုပ်သား၊ အဓမ္မခိုင်းစေမှု၊ အကျဉ်းလုပ်သား သို့မဟုတ် လူကုန်ကူးခံရသော လုပ်သားများကို ခွင့်မပြုပါနှင့်။ ဝန်ထမ်းသစ်များ ခေါ်ယူ သို့မဟုတ် ခန့်အပ်ပါက အမျိုးသား ဥပဒေနှင့် စည်းမျဉ်းများကို လိုက်နာပါ။

***ဖွင့်ဟပြောဆိုပါ။*** သံသယရှိဖွယ် လူ့အခွင့်အရေး ချိုးဖောက်မှုကို သင့်မန်နေဂျာ သို့မဟုတ် အခြားသော ဖွင့်ဟပြောဆိုမှု ချန်နယ်များသို့ သတင်းပို့ပါ။ Hitachi သည် စိုးရိမ်ပူပန်မှုများကို ချက်ချင်းလက်ငင်းစုံစမ်းစစ်ဆေးပြီး ဆိုးရွားသော လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများကို လျှော့ပါးစေရန် အရေးယူဆောင်ရွက်သွားပါမည်။

# မတူကွဲပြားမှု၊ သာတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှုကို တန်ဖိုးထားပါ

တီထွင်ဆန်းသစ်မှု၊ တိုးတက်မှုနှင့် ရေရှည်တည်တံ့သော စီးပွားရေးကို တည်ဆောက်ရန်အတွက် မတူကွဲပြားမှုနှင့် အားလုံးပါဝင်နိုင်မှုသည် အရေးကြီးသည်ဟု **Hitachi** က ယုံကြည်သည်။



○ ○ ○

## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့သည်မတူကွဲပြားမှု၊ သာတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှု၊ တန်းတူညီမျှအလုပ်အကိုင် အခွင့်အလမ်းများနှင့် လုပ်ငန်းခွင်တွင် မျှတသောဆက်ဆံမှုကို မြင့်တင်အားပေးပါသည်။ မတူကွဲပြားမှုနှင့် အားလုံးပါဝင်နိုင်မှုသည် လူ့အဖွဲ့အစည်းနှင့် ကျွန်ုပ်တို့ဖောက်သည်များ၏ မတူကွဲပြားသောလိုအပ်ချက်များကို ပံ့ပိုးပေးပြီး လူတိုင်းသည် မတူညီသောအမြင်များနှင့် ရှုထောင့် အစုံစုံမှ အကျိုးခံစားခွင့်ရှိသည်။

*မတူကွဲပြားမှု၊ သာတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှုသည် ကျွန်ုပ်တို့၏ ဆန်းသစ်တီထွင်မှုနှင့် တိုးတက်မှု ရင်းမြစ်ဖြစ်သည်။*

*Hitachi သည် လုပ်ဖော်ကိုင်ဖက်များ၏ နောက်ခံ၊ အသက်၊ လိင်အမျိုးအစား၊ လိင်စိတ်၊ မိသားစု အခြေအနေ၊ မသန်စွမ်းမှု၊ လူမျိုး၊ နိုင်ငံသားဖြစ်မှု၊ လူမျိုးစုနှင့် ဘာသာရေး ကွဲပြားမှုများကို ကြိုဆိုသည့် လူတိုင်းအတွက် နေရာတစ်ခု ရှိသည်။*

*ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဈေးကွက်များကို နားလည်နိုင်ပြီး ပိုမိုကောင်းမွန်သော စိတ်ကူးစိတ်သန်းများကို ဖန်တီးကာ လူ့အဖွဲ့အစည်းကို အကျိုးပြုသည့် ဆန်းသစ်တီထွင်မှုကို တွန်းအားပေးနိုင်သောကြောင့် ယင်းနှင့် အခြားကွဲပြားမှုများကို လေးစားတန်ဖိုးထားပါသည်။*

*Hitachi တွင် ကျွန်ုပ်တို့သည် လူတိုင်းကို မျှမျှတတဆက်ဆံပြီး လူတိုင်းပါဝင်ခွင့်ရစေရန် ကွဲပြားမှုကို အသိအမှတ်ပြုပါသည်။*

*မတူကွဲပြားသော လုပ်သားအင်အား၊ ကျယ်ပြန့်သော အတွေ့အကြုံနှင့် အားလုံးပါဝင်နိုင်သော ယဉ်ကျေးမှုတစ်ရပ်ဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဖောက်သည်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ကျွန်ုပ်တို့ကုမ္ပဏီ၏ ရေရှည်တည်တံ့သော တိုးတက်မှုကို တွန်းအားပေးမည်ဖြစ်သည်။*



ဝ ဝ ဝ

# သင်၏နေ့စဉ်အလုပ်တွင်

***ကျွန်ုပ်တို့၏***မတူကွဲပြားမှုကို လက်ခံကြိုဆိုပါ။ လူတစ်ဦးနှင့်တစ်ဦး လေးစားစွာ ဂုဏ်သိက္ခာရှိရှိ ဆက်ဆံပါ။ အခြားသူများ၏ ယဉ်ကျေးမှုနှင့် အမြင်များကို နားလည်သောကြောင့် Hitachi သည် မတူညီသော အတွေ့အကြုံများ၊ ရှုမြင်သုံးသပ်မှုများနှင့် ယဉ်ကျေးမှုများဖြင့် အတူတကွလုပ်ဆောင်သော ဝန်ထမ်းများထံမှ ရရှိလာသည့် ဖန်တီးနိုင်စွမ်းအားနှင့် ဆန်းသစ်တီထွင်မှုတို့မှ အကျိုးရရှိမည်ဖြစ်သည်။

***တရားမျှတမှုကို အာရုံစိုက်ပါ။*** လုပ်ဆောင်ချက်တိုင်းတွင် တန်းတူအခွင့်အရေးကို ကျင့်သုံးပြီး Hitachi ဝန်ထမ်းအားလုံး၏ ကွဲပြားမှုကို လက်ခံကြိုဆိုပါ။ ဝန်ထမ်း သို့မဟုတ် လျှောက်ထားသူအား ခွဲခြားဆက်ဆံခြင်းမပြုရ။

***ယုံကြည်မှုနှင့် လေးစားမှုကို မြှင့်တင်ပါ။*** ထိပါးနှောင့်ယှက်မှု ကင်းစင်ပြီး အားလုံးပါဝင်နိုင်သော အလုပ်ပတ်ဝန်းကျင်ကို မြှင့်တင်အားပေးပါ။ လူတိုင်း ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုနိုင်ပြီး လူအများကို ဂရုတစိုက် နားထောင်ရန် အားပေးသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပါ။

***တန်းတူညီမျှ အလုပ်အကိုင် အခွင့်အလမ်းများ မြှင့်တင်ရန်။*** Hitachi တွင် ခွဲခြားဆက်ဆံခြင်းကို ဘယ်တော့မှ လက်သင့်မခံသည့်အပြင် အချို့နေရာများတွင် ဥပဒေနှင့်မညီညွတ်ခြင်း ဖြစ်နိုင်သည်။ လျှောက်ထားသူများ၊ ဝန်ထမ်းများ သို့မဟုတ် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များကို အောက်ပါကဲ့သို့သော လက္ခဏာရပ်များအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမပြုပါနှင့်-

- အသက်
- နိုင်ငံသားအခြေအနေ
- အသားအရောင်
- ကျား/မ
- ကျား/မ ခံယူချက် သို့မဟုတ် ထုတ်ဖော်ပြောဆိုချက်
- မျိုးရိုးဗီဇဆိုင်ရာ အချက်အလက် (သို့မဟုတ် မိသားစုဝင်တစ်ဦး၏ မျိုးရိုးဗီဇ အချက်အလက်)
- အိမ်ထောင်ရေးအခြေအနေ
- ဆေးဘက်ဆိုင်ရာအခြေအနေ သို့မဟုတ် မသန်စွမ်းမှု
- စစ်မှုထမ်း သို့မဟုတ် စစ်မှုထမ်းဟောင်းအဆင့်
- ကိုယ်ဝန်ဆောင်မှုအခြေအနေ
- လူမျိုး၊ နိုင်ငံသားဇစ်မြစ် သို့မဟုတ် မျိုးရိုး
- ကိုးကွယ်ယုံကြည်မှု သို့မဟုတ် ဘာသာရေးယုံကြည်ချက်
- လိင်
- လိင်စိတ်တိမ်းညွတ်မှု
- သက်ဆိုင်သည့် ဥပဒေများဖြင့် နှိမ့်ချခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ထားသော အခြား လက္ခဏာမှန်သမျှ

# ထိပါးနှောင့်ယှက်မှု ကင်းစင်သော လုပ်ငန်းခွင်ကို ပံ့ပိုးပေးပါ

လူတိုင်းသည် လေးစားမှုနှင့်ထိုက်တန်၍ ထိပါးနှောင့်ယှက်မှု ကင်းစင်သော လုပ်ငန်းခွင်ကို ရရှိသင့်သည်ဟု **Hitachi** က ယုံကြည်သည်။

## ထိပါးနှောင့်ယှက်ခြင်း

*လူတစ်ဦးချင်းစီအား အရှိအသေမဲ့၊ စော်ကားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းဖြင့် ရန်လိုသောပတ်ဝန်းကျင်ကို ဖြစ်စေသည့် မလိုလားအပ်သော၊ လက်ခံနိုင်ဖွယ်မရှိသော၊ အနှောင့်အယှက်ဖြစ်စေသော အပြုအမူ။*

*ဥပမာများတွင် အနိုင်ကျင့်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကိုယ်ထိလက်ရောက် ရန်လိုခြင်း သို့မဟုတ် နောက်ယောင်ခံလိုက်ခြင်းများ ပါဝင်သည်။*

## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့ Hitachi တွင် လုပ်ကိုင်သော မည်သူမဆို၏ ထိပါးနှောင့်ယှက်မှုကိုမျှ လက်သင့်မခံဘဲ လူတိုင်း အလုပ်တွင် အဆင်ပြေပြီး လေးစားခံရကြောင်း သေချာစေရန် ကြိုးပမ်းပါသည်။ မည်သည့် ထိပါးနှောင့်ယှက်မှုမျိုးကိုမဆို တားဆီးရန် လူတိုင်းတွင် တာဝန်ရှိပါသည်။

## သင်၏နေ့စဉ်အလုပ်တွင်

***ဖွင့်ဟပြောဆိုပါ။*** ထိပါးနှောင့်ယှက်ခြင်းသည် တစ်ခါတစ်ရံ၌ တစ်စုံတစ်ဦး၏ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်ချမ်းသာမှုကို ခြိမ်းခြောက်သည့် ဆက်တိုက် နှိပ်စက်ညှဉ်းပန်းမှု ပါဝင်နိုင်သည်။ အနိုင်ကျင့်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း အပြုအမူများကို သင်တွေ့မြင်ပါက သို့မဟုတ် တွေ့ကြုံခံစားရပါက ၎င်းကို ဆက်မဖြစ်ပါစေနှင့် - သင့်တွင် ဖွင့်ဟပြောဆိုရန်တာဝန်ရှိသည်။

***ထိပါးနှောင့်ယှက်သည့် လက္ခဏာများကို သိနားလည်ပါစေ။*** အပြုအမူတစ်ခုသည် လူတစ်ဦး၏အလုပ်ကို အနှောင့်အယှက်ဖြစ်စေသောအခါ သို့မဟုတ် ရန်လိုသော ပတ်ဝန်းကျင်ကို ဖန်တီးသောအခါ ၎င်းသည် ထိပါးနှောင့်ယှက်ခြင်းဖြစ်နိုင်သည်။ ၎င်းက ကိုယ်ထိလက်ရောက်၊ လိင်ပိုင်းဆိုင်ရာ၊ နှုတ်ဖြင့် သို့မဟုတ် ရုပ်ပုံများဖြင့် ပုံစံအမျိုးမျိုးဖြစ်နိုင်သည်။

# ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ပါ

**Hitachi** သည် ဘေးကင်း၍ လုံခြုံသော အလုပ်ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးရန် ကြိုးစားလုပ်ဆောင်သည်။

## ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး မူဝါဒများ-

- အလုပ်နှင့်ပတ်သက်သော ထိခိုက်ဒဏ်ရာရမှုနှင့် နာမကျန်းဖြစ်မှုများကို တားဆီးကာကွယ်ရန် ဝန်ထမ်းများ၏ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို စီမံခန့်ခွဲမှု၏ ထိပ်တန်းဦးစားပေးအဖြစ် သတ်မှတ်ခြင်းအားဖြင့် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး လှုပ်ရှားမှုများတွင် စဉ်ဆက်မပြတ်ပါဝင်ဆောင်ရွက်ပါ။
- ကုမ္ပဏီအသီးသီး၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်သော ဒေသဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာပါ။
- ဝန်ထမ်းများအား ၎င်းတို့၏ ကျန်းမာရေးကို ထိန်းသိမ်းရန်နှင့် လုပ်ငန်းခွင်အတွင်း ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လုပ်ဆောင်ချက်များကို တက်ကြွစွာ ရပ်တည်ဆောင်ရွက်ရန် အားပေးခြင်းဖြင့် ဘေးကင်းလုံခြုံပြီး သက်တောင့်သက်သာရှိသော အလုပ်ပတ်ဝန်းကျင်ကို ဖော်ဆောင်ပါ။
- Hitachi ၏အခြေခံမူနှင့် Hitachi Group ၏ စီးပွားရေးလုပ်ဖော်ကိုင်ဖက်အားလုံးထံမှ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး အသိအမြင်မြှင့်တင်ရေးတို့ကို သိရှိနားလည်ရန် လိုအပ်သည်။
- Hitachi ၏လုပ်ငန်းဆောင်တာအားလုံးတွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို ဦးစားပေးလုပ်ဆောင်သည့် လှုပ်ရှားမှုများကို အလေးပေးခြင်းဖြင့် ဘေးကင်းလုံခြုံပြီး သာယာသော လူ့အဖွဲ့အစည်းကို ဖန်တီးရာတွင် ပါဝင်ကူညီပါ။

○ ○ ○

## ကျွန်ုပ်တို့၏ ကတိကဝတ်

အလုပ်နှင့်ဆက်စပ်သော မတော်တဆမှုများကို ကာကွယ်ရေးနှင့် ဝန်ထမ်းများနှင့် မိသားစုများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို မြှင့်တင်ရေး ဆောင်ရွက်ချက်များကို လက်ခံကျင့်သုံးခြင်းဖြင့် ကျွန်ုပ်တို့ ဘေးကင်းလုံခြုံမှုရှိကြောင်း သေချာစေရန်ကျွန်ုပ်တို့ အတူတကွ လုပ်ဆောင်ပါသည်။ ထို့အပြင် ငလျင်၊ ဆူနာမီနှင့် ရေကြီးမှုများကဲ့သို့ သဘာဝဘေးအန္တရာယ်များ သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်မှုများနှင့် အကြမ်းဖက်ဝါဒတို့ ဖြစ်ပွားပြီးနောက်ပိုင်း ဝန်ထမ်းများ၏ ဘေးကင်းရေးနှင့် စီးပွားရေးလုပ်ငန်းများ ဆက်လက်တည်တံ့စေရေးအတွက် ကျွန်ုပ်တို့ လုပ်ဆောင်သွားပါမည်။

# သင်၏နေ့စဉ်အလုပ်တွင်

***ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို တားဆီး****ကာကွယ်ပါ။ ကျန်းမာရေးနှင့် ဘေးကင်းရေးက အမြဲဦးစားပေးဖြစ်သည်ဟူသော ကျွန်ုပ်တို့၏ သဘောထားခံယူချက်ကို ထောက်ခံအားပေးသည့်အနေဖြင့် ဘေးကင်းမှုရှိ၍ ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်များဖြစ်ကြောင်း အာမခံပေးရန် ကျန်းမာရေးနှင့် ဘေးကင်းရေး မူဝါဒများကို လိုက်နာပါ။ သင်နှင့် သင့်ပတ်ဝန်းကျင်ရှိလူများ၏ ကျန်းမာရေးနှင့် ဘေးကင်းရေးတို့ကို ကာကွယ်ရန် တက်ကြွစွာဆောင်ရွက်ပါ။ ဒဏ်ရာများနှင့် နာမကျန်းဖြစ်မှုများကို ကာကွယ်ရန် သင့်လျော်သော တစ်ကိုယ်ရေ အကာအကွယ်ပစ္စည်းများကို အသုံးပြုပါ။* အဖြစ်အပျက်များ၊ ဒဏ်ရာများနှင့် ထိခိုက်မှုဖြစ်သွားခါနီး ကိစ္စများကို သင့်မန်နေဂျာထံ ချက်ချင်းသတင်းပို့ပါ။

**ဘေးကင်း လုံခြုံသော လုပ်ငန်းခွင်ကို ထိန်းသိမ်းထားရှိပါ။** အန္တရာယ်များကို ရှာဖွေဖော်ထုတ်ပြီး ကျွန်ုပ်တို့၏ ကျန်းမာရေးနှင့် ဘေးကင်းရေး အလေ့အကျင့်များကို မြှင့်တင်ရန် နည်းလမ်းများကို ရှာဖွေပါ။ ဝန်ထမ်းများ၊ ဝယ်ယူရေးမိတ်ဖက် သို့မဟုတ် သင့်မန်နေဂျာထံ လာရောက်သည့် ဧည့်သည်တစ်ဦးကဖြစ်စေ၊ ယင်းတို့ကိုဖြစ်စေ ပြုလုပ်သော မလိုလားအပ်သည့်အကြမ်းဖက်မှု သို့မဟုတ် ခြိမ်းခြောက်မှုများကို ချက်ချင်းသတင်းပို့ပါ။

# ကျွန်ုပ်တို့၏အသိုင်းအဝိုင်းများတွင် ရင်းနှီးမြှုပ်နှံပါ

Hitachi သည် ဝန်ထမ်းများအား ၎င်းတို့၏ လူမှုအသိုက်အဝန်း သို့မဟုတ် ၎င်းတို့၏ နေ့စဉ်လုပ်ငန်းခွင်တွင် သို့မဟုတ် လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှုလုပ်ငန်းများမှတစ်ဆင့် ခြားနားချက်တစ်ခု ဖန်တီးရာတွင် တက်ကြွသောအခန်းကဏ္ဍမှ ပါဝင်ရန် တိုက်တွန်းပါသည်။



## ကျွန်ုပ်တို့၏ ကတိကဝတ်

ကျွန်ုပ်တို့သည် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို ပံ့ပိုးပေးသည့် ဆန်းသစ်တီထွင်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ကျွန်ုပ်တို့နေထိုင်လုပ်ကိုင်သည့်နေရာကို တိုးတက်စေရန် လုပ်ဆောင်ပါသည်။ ကျွန်ုပ်တို့သည် STEAM (သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာ၊ အနုပညာနှင့် သင်္ချာ)၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်း ထိတွေ့ဆက်ဆံမှု နယ်ပယ်များတွင် ကျွန်ုပ်တို့၏ဝန်ထမ်းများနှင့် သက်ဆိုင်သူများနှင့်အတူ အနာဂတ်မျိုးဆက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ စွမ်းဆောင်နိုင်စေရန်နှင့် ပြုစုပျိုးထောင်ရန်အတွက်လည်း ရင်းနှီးမြှုပ်နှံပါသည်။

## သင်၏နေ့စဉ်အလုပ်တွင်

***တာဝန်သိစွာ ပါဝင်ကူညီပါ။*** သင်ပံ့ပိုးပေးသည့် အရေးကိစ္စများနှင့် အဖွဲ့အစည်းများအတွက် တစ်ကိုယ်ရေ ထည့်ဝင်လှူဒါန်းမှုများ ပြုလုပ်ရန် Hitachi မှ တိုက်တွန်းအားပေးပါသည်။ ထည့်ဝင်လှူဒါန်းမှုများ ပြုလုပ်သည့်အခါ ကျွန်ုပ်တို့၏မူဝါဒများနှင့် စည်းမျဉ်းများကို လိုက်နာပါ။ အခြားဝန်ထမ်းများ၊ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ သို့မဟုတ် ဖောက်သည်များကို သင်နှစ်သက်သော အကျိုးအမြတ်မယူသော အဖွဲ့များ (ပရဟိတအဖွဲ့)၊ အုပ်စုများ သို့မဟုတ် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ရန် သို့မဟုတ် ယင်းတို့အတွက် ထည့်ဝင်လှူဒါန်းရန် ဖိအားပေးခြင်းမပြုပါနှင့်။

***မတူညီသည့် နိုင်ငံရေးအမြင်များကို လေးစားပါ။*** အကယ်၍ သင်သည် လူထုလှုပ်ရှားမှုများတွင် ပါဝင်ပါက သို့မဟုတ် နိုင်ငံရေးယုံကြည်ချက်များကို မျှဝေပါက ထိုသို့လုပ်ဆောင်ရန် Hitachi တွင် အလုပ်လုပ်နေချိန်ကို မသုံးပါနှင့်။ သင့်အမြင်သည် သင့်ကိုယ်ပိုင်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းပြောပါ။ အကျိုးစီးပွားပဋိပက္ခဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပြန်လည်သုံးသပ်ပြီး သက်ဆိုင်ပါက ပဋိပက္ခကို ထုတ်ဖော်ပါ။ အစိုးရရုံး သို့မဟုတ် အခြားနိုင်ငံရေးလှုပ်ရှားမှုများကို လုပ်ဆောင်ရန် သို့မဟုတ် လက်ခံရန် စီစဉ်ထားလျှင်ဖြစ်စေ၊ မေးစရာများရှိလျှင်ဖြစ်စေ သင့်မန်နေဂျာနှင့် ဆွေးနွေးပြောဆိုပါ။

# ကျင့်ဝတ်စည်းကမ်းကို ကောင်းမွန်သော ဆုံးဖြတ်ချက်များ နှင့် ကျင့်ဝတ်ဆိုင်ရာ ရွေးချယ်မှုများ ပြုလုပ်ရန် အသုံးချပါ

ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ကမ္ဘာသည် ကျွန်ုပ်တို့စတင်လုပ်ငန်းဆောင်ရွက်စဉ်ကထက် ယနေ့ပိုမိုမြန်ဆန်စွာပြောင်းလဲနေသဖြင့် Hitachi ၏ ကိုယ်ပိုင်လက္ခဏာရပ်၊ အခြေခံအချက်များနှင့် ကျင့်ဝတ်များအတွက် ကျွန်ုပ်တို့၏ကတိကဝတ်ကို ထပ်မံအတည်ပြုပါသည်။ ကျွန်ုပ်တို့၏အလုပ်သည် ကျွန်ုပ်တို့အောင်မြင်ရုံသာမက အောင်မြင်မှု ရယူပုံရယူနည်းနှင့်လည်း ဆိုင်ကြောင်း မိမိကိုယ်ကို နေ့စဉ်သတိပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့ ရောင်းချသည့်ထုတ်ကုန်များနှင့် ကျွန်ုပ်တို့ပေးအပ်သည့်ဝန်ဆောင်မှုများကဲ့သို့ပင် ကျွန်ုပ်တို့၏လုပ်ငန်းကို လုပ်ဆောင်ပုံ လုပ်ဆောင်နည်းကလည်း အရေးကြီးပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့လုပ်ငန်းလုပ်သည့် လူမှုအသိုင်းအဝိုင်း၏ ဥပဒေများကို လိုက်နာခြင်းပင်ဖြစ်သည်။

ထို့အပြင် အဖွဲ့အစည်းများတွင် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် အုပ်ချုပ်မှု (ESG) ရေးရာ ကိစ္စများကို ဖောက်သည်များနှင့် ရင်းနှီးမြှုပ်နှံသူများ၏ အာရုံစိုက်မှုသည် အချိန်တိုင်းတွင် မြင့်မားနေပါသည်။ ESG ထုတ်ဖော်မှုများနှင့်ပတ်သက်ပြီး စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များမှ ထုတ်ပြန်မည့် လာမည့်စည်းမျဉ်းများသည် လွဲမှားသော သို့မဟုတ် အတုအယောင် အချက်အလက်များအပေါ် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အကျိုးဆက်များနှင့်အတူ ကုမ္ပဏီများအတွက် ၎င်းတို့၏ ESG တိုးတက်မှုကို သတ်မှတ်ရန်၊ ခြေရာခံရန်နှင့် အစီရင်ခံရန် လိုအပ်မှုကို တရားဝင်ဖြစ်စေမည် ဖြစ်သည်။

သင်သည် Hitachi ကျင့်ဝတ်နှင့် စည်းကမ်းလိုက်နာရေး အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သောကြောင့် သင်လုပ်သမျှအားလုံးတွင် တရားမျှတမှုနှင့် သမာဓိကို ရှေ့တန်းတင်ကျင့်သုံးရန် သင့်အား ကျွန်ုပ်တောင်းဆိုပါသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့တစ်ဦးစီသည် ကျွန်ုပ်တို့၏အလေ့အထကို ပုံဖော်ရန်၊ ယုံကြည်မှုတည်ဆောက်ရန်နှင့် ကျွန်ုပ်တို့၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းကမ်း (စာမျက်နှာ 5 မှ 36 ထိ) သည် Hitachi နှင့် သင့်အတွက် အရေးကြီးသည့် အရာများကို ဖော်ပြပေးထားပါသည်။ ကျင့်ဝတ်စည်းကမ်းသည် Hitachi အသိုက်အဝန်း၏ အဖွဲ့ဝင်အားလုံးဖြစ်သည့် ဒါရိုက်တာများ၊ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များနှင့် ကျွန်ုပ်တို့နှင့် လုပ်ငန်းအတူလုပ်ကိုင်သော ဝယ်ယူရေးမိတ်ဖက်များနှင့် သက်ဆိုင်ပါသည်။ ကျင့်ဝတ်သိက္ခာရှိရှိ စီးပွားရေးလုပ်ကိုင်ရေး ကျွန်ုပ်တို့၏ကတိကဝတ်ကို လူတိုင်းလိုက်နာမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ကျင့်ဝတ်စည်းကမ်းသည် သင့်အား ရိုးသား၍ တရားမျှတသော ဆုံးဖြတ်ချက်များချရန်နှင့် ကျွန်ုပ်တို့၏လုပ်ငန်းဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် ဥပဒေများနှင့် မူဝါဒများကို လိုက်နာရန် လမ်းညွှန်ပေးသည်။ ၎င်း၏အနှစ်သာရမှာ ရိုးရှင်းသော လမ်းညွှန်ချက်တစ်ခုသာ ဖြစ်သည်- မှန်ကန်သော အရာကို လုပ်ဆောင်ပြီး သင်စိုးရိမ်ပူပန်မှုရှိပါက သို့မဟုတ် အမှားတစ်ခုခုတွေ့သည့်အခါတိုင်း ဖွင့်ဟပြောဆိုပါ။





**David Karas,**
စည်းကမ်းလိုက်နာရေး
အရာရှိချုပ်၊ Hitachi, Ltd.

# ဖွင့်ဟပြောဆိုမှု ချန်နယ်များ

**Hitachi** သည် အကူအညီများ ပိုမိုပေးနိုင်ရန်နှင့် စိုးရိမ်ပူပန်မှုများကို တိုင်ကြားရန်အတွက် ဖွင့်ဟပြောဆိုမှု ချန်နယ်အမျိုးမျိုးကို ပံ့ပိုးပေးသည်။

## ကျင့်ဝတ်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ၊ Hitachi Group စည်းကမ်းလိုက်နာရေး မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ မေးစရာများ ရှိပါက။

**ဖွင့်ဟပြောဆိုပါ**

- သင့်မန်နေဂျာ
- အထက်မန်နေဂျာ သို့မဟုတ် သင်ယုံကြည်ရသည့် အခြားမန်နေဂျာတစ်ဦး
- လူ့စွမ်းအားရင်းမြစ်၊ စည်းကမ်းလိုက်နာရေး သို့မဟုတ် ဥပဒေရေးရာ ဖွဲ့ဝင်

**အီးမေးလ်**

**ask-etics@hitachi.com**

*စိုးရိမ်ဖွယ်ရာ ကိစ္စတစ်ခုကို တိုင်ကြားရန်အတွက် သုံး၍မရပါ*

## ဖြစ်နိုင်သည့်အလားအလာရှိသော အကျင့်ပျက်မှု သို့မဟုတ် ကျင့်ဝတ်ဆိုင်ရာ စိုးရိမ်မှုများကို တိုင်ကြားလိုပါက

**ဖွင့်ဟပြောဆိုပါ**

- သင့်မန်နေဂျာ
- အထက်မန်နေဂျာ သို့မဟုတ် သင်ယုံကြည်ရသည့် အခြားမန်နေဂျာတစ်ဦး
- လူ့စွမ်းအားရင်းမြစ်၊ စည်းကမ်းလိုက်နာရေး သို့မဟုတ် ဥပဒေရေးရာ အဖွဲ့ဝင်

**သွားရောက်ပါ**

**hitachi.ethicspoint.com**

**ဖုန်းခေါ်ဆိုပါ**

ခေါ်ဆိုခအခမဲ့ဖြင့် ဖုန်းခေါ်ပါ။ **hitachi.ethicspoint.com** တွင်သင့်နိုင်ငံအတွက် နံပါတ်ကို ရှာဖွေပါ

Hitachi ကမ္ဘာလုံးဆိုင်ရာ စည်းကမ်းလိုက်နာရေး ဟော့လိုင်းသည် တစ်ရက်လျှင် 24 နာရီ၊ တစ်ပတ်လျှင် ခုနစ်ရက်ပတ်လုံး အလုပ်လုပ်သည်။

ဘာသာပြန်ဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။




HITACHI
Inspire the Next

နောက်ထပ် အချက်အလက်များအတွက် ဆက်သွယ်ရန်-
စည်းကမ်းလိုက်နာရေး ဌာနခွဲ၊ Hitachi, Ltd.
6-6, Marunouchi 1-chome, Chiyoda-ku, Tokyo
100-8280 Japan

hitachi.com/ethics

ask-ethics@hitachi.com

**Hitachi Group** ကျင့်ဝတ်စည်းကမ်း
**Hitachi Group** ကျင့်ဝတ်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ (စာမျက်နှာ 5 မှ 36 ထိ)
ပြန်လည်ပြင်ဆင်/အမည်ပြောင်းသည့်ရက်- 2022 ခုနှစ်၊ ဒီဇင်ဘာလဘာလ (2023 ခုနှစ် မတ်လ 1 ရက် မှစ၍ သက်ရောက်သည်)*
ပြန်လည်ပြင်ဆင်သည့်ရက်- 2018 ခုနှစ် ဖေဖော်ဝါရီလ
ထုတ်ပြန်သည့်ရက်- 2010 ခုနှစ် ဩဂုတ်လ

**Hitachi Group** ကျင့်ဝတ်စည်းကမ်းများနှင့် စည်းကမ်းလိုက်နာရေး
Hitachi Group ကျင့်ဝတ်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများဖြင့် အစားထိုးထားသည်- 2023 ခုနှစ် မတ်လ 1 ရက်
ထုတ်ပြန်သည့်ရက်- 2020 ခုနှစ် မေလ